www.free4reader.com

ပြည်မြန်မာ
သတင်းဂျာနယ်

PYI MYANMAR NEWS JOURNAL

www.swesonemedia.org | အမှတ် (၁၀၁၂) | 18-2-2016 (ကြာသပတေးနေ့)

PREMIER® COFFEE
သဘာဝကော်ဖီစစ်စစ်အရသာ... ပရီမီယာ

အမျိုးသားပြန်လည်သင့်မြတ်ရေး အစိုးရ ဖွဲ့ရန် ဦးတည်ပြင်ဆင်နေ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌမေဒေါ်အောင်ဆန်းစုကြည်က ဝန်ကြီးချုပ်ဖွဲ့စည်းမည့် အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအစိုးရ ဖြစ်ရန်ကြိုးပမ်းမည်ဟု မကြာခဏပြောကြားခဲ့သည့်အတိုင်း တစ်လလွန်ခန့် အဖိုန်သာလိုတော့သည့် အစိုးရသစ် ဖွဲ့စည်းရာတွင် တပ်မတော်သားများ၊ပြိုင်သက်အဖွဲ့အစည်းများ၊ ဘိုင်းရင်းသားများ၊ ပညာရှင်များ အစိုးရအဖွဲ့တွင်ပါဝင်နိုင်ရန် NLD ပါတီအနေဖြင့် စီစဉ်နေကြောင်း ၁၃-၂-၂၀၁၆ ရက်က သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးမူဝါဒနှင့် သဘောထားမှာ အမျိုးသား ပြန်လည်ရင်ကြားဖေဖြေရေးပင်ဖြစ်ပြီး ဤသဘောထားခံယူချက်ဖြင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်အများစု ပါဝင်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၌ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပြိုင်ဘက်ကိုယ်စားလယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ အပါအဝင် အရည်အချင်း ပြည့်ဝသူများ၊ ပညာရှင်များကိုပါ ထည့်သွင်းလျက် ' အားလုံးပါဝင်နိုင်ရေး'မှကို လက်တွေ့ကျကျ ထောင်ရွက်ခဲ့ကြောင်းဟူ၍ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ကျရောက်ခဲ့သော(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ...

စာ(၁၀) သို့

နောက်၀ဲ

ရန်ကုန်မြို့၏ အကြီးဆုံး ရောပင်းမောလ်ပါဝင်သည့် Tritone စီမံကိန်း ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည် စာ-၁၆

ကုန်းဘောင်အနွယ်တော် ၂၀၀ကျော် စုစည်း၍ တိုင်းပြည်၏ပုံရိပ်ကို မြှင့်တင်ရန် စီစဉ်နေ စာ-၁၈

ဂန်ဗိုးနည်းလုပ်သားလိုအပ်မှု ဖြည့်တင်းရေးအတွက် စာ-၆
မြန်မာလုပ်သားများကို ဂျပန် လိုအပ်

ရန်ကုန်၊ ရခိုင်၊ ရှမ်းနှင့် ကချင်ဒေသ ဝန်ကြီးချုပ်များကို တပ်မတော်က တာဝန်ပေးလိုခြင်းမှာ နိုင်ငံရေးအရ အရေးပါသောကြောင့်ဟု ဆို စာ-၆

www.free4reader.com

ကမ္ဘာ့အမြန်ဆုံး သစ်သားမော်တော်ကားကိုတည်ဆောက်၍ စံချိန်တင်

ကနေဒါနိုင်ငံမှ Pioneer Log Homes ၏ပိုင်ရှင်နှင့်တည်ထောင်သူဘယန်းရင်စ်နီယာက Cedar Rocket ဟုခေါ်ဆိုသော **ကမ္ဘာ့အမြန်ဆုံးသစ်သားမော်တော်ကားကိုဘီထွင်၍ ကမ္ဘာဝင်းနက်စံချိန်တင်နိုင်ခဲ့သည်**ဟု သိရသည်။ ၎င်းသစ်သားမော်တော်ကားသည် မြင်းကောင်ရေအား ၂၀ ရှိသောအီလက်ထရွန်နစ် တာဘိုင်နှစ်လုံးဖြင့်ပွတ်အင်ရယူပြီး **တစ် နာရီပိုင် ၁၄၀ နှုန်းအထိ** သွားလာနိုင်သည်။ အရိုးရှိုးနားပြည့်နယ် ဆွန်ဒလာမြို့ရှိ ဝိုင်းလပေါ့နစ်ပျိုစမော်တော်ဝပေါ့တင်စ်ပန်းခြံတွင် ကားကိုဟောင်းနှင်းပြကာ စံချိန်တင်ခဲ့ခြင်းဖြစ်ပြီး Mazda RX-8 ၏ကိုယ်ကည်းအကိုင်းဆောက်လုပ်ထားသည့် ကားမှာ ၉ပေါင် ၂၂၈ အလေးချိန်ရှိပြီး အလေးချိန်၏လေးပုံတစ်ပုံမှာ ဘက်ထရီကြောင့်ဖြစ်သည်။ **ကား၏သစ်သားကိုယ်**ယည်ကို ဆောက်ဖြင့်ထွင်းထုထားခြင်းဖြစ်ပြီး နှစ်ပေါင်း ၂၄၀ သက်တမ်းရှိသော **အနောက်ထိုင်းအနီရောင်သစ်ကတိုးကို ပြုလုပ်ထားခြင်းဖြစ်သည်။** ရိုးရိုးက ပင်းသစ်သားမော်တော်ကားဖြင့် မြောက်အမေရိကကို ဂျာဇီမက်သွားလာနိုင်နေကာ လေလံတင်ရောင်းချကာ စစ်ပြန်ကြေးများ၏ ရန်ပုံငွေအဘွက် လျှာခါနီးသွားမည်ဖြစ်သည်ဟု သိရသည်။ (AP, 13.2.16) မေဝွန်

ခွေးတစ်ကောင်အရွယ်အစားရှိသောယုန်ကြီးကို မွေးမြူမည့်အိမ် လိုအပ်နေ

ဂလတ်စ်ဂိုးမှုနှစ်လသားအရွယ် အတ်လတ်စ်အမည်ရှိယုန်ကြီးကို အက်စ်ဒီဗီအေစင်တာမှစောင့်ရှောက်နေရပြီး ၎င်းကို မွေးမြူနိုင်မည့်ပိုင်ရှင် ရှိအမ်လျက်ရှိသည်ဟု သိသေသည်။ **အဘယ်ကြောင့်ဆိုသော် ယုန်ကြီးမှာ လသားအရွယ်သာရှိသေးသော်လည်း ခွေးတစ်ကောင်၏အရွယ်အစားရှိနေသောကြောင့်** ဖြစ်ပြီး ဆက်လက်ကြီးထွားလာဦးမည်ဟု ခန့်မှန်းရသည်။ အတ်လတ်စ်ယုန်ကြီးသည် ၎င်းကို ပွေ့ဖက်ခြင်းနှင့် လူနားကပ်ရခြင်းကို နှစ်သက်သူဖြစ်ပြီး ၎င်း၏ကလေးဆန်ဆန်ဆိုးတတ်သည့်အပြုအမူလေးများက လူတိုင်းကိုရယ်မောမေနိုင်စဲ့သည်။ အခြားကိုရယ်ရန်များအတွက် ခေါ်ယူမွေးယူမည့်သူများရှိသော်လည်း ယုန်ကြီး၏အရွယ်အစားကြောင့် ခေါ်ယူမွေးမြူ၍မရတွေ့ကရေးဆုံးခင်နိုင်မည့် အိမ်ယာစီမံခန့်ခွဲမှုကို အရေးကြီးကိုကယ်လျက်ရှိသည်ဟု ဝင်တာက ဆိုခဲ့ကြောင်း သိရသည်။

(AP, 13.2.16)

မေမွန်

အကြိမ် ၂၀ မြောက် ဖိလစ်ပိုင် နိုင်ငံတကာမီးပုံးပျံပွဲကို စတင်ကျင်းပ

ဖိလစ်ပိုင်နိုင်ငံ ပမ်ပန်ဂါပြည်နယ်တွင် အကြိမ် ၂၀ မြောက် ဖိလစ်ပိုင် နိုင်ငံပေါ်မီးပုံးပျံပွဲကြီးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်လွန် စက်တင်ကျင်းပနေပြီးဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲ ယင်းပွဲတော်ကြီးတွင် **ကာတွန်းရုပ်ပေါင်း ဒီဇိုင်းစုံပုံစံ လုပ်ထားသည့် မီးပုံးပျံများက** ဖိလစ်ပိုင်ဧကာင်းကင်ယံကို အလှဆင်ပေးလျက်ရှိသည်။ ယင်းပွဲတော်ကြီးကို ခလေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး **ကမ္ဘာတစ်လွှားမှ မီးပုံးပျံကျွမ်းကျင်ပညာရှင်များ တက်ရောက်ပြီး ရိုးရာမီးပုံးဒီဇိုင်းနှင့် အထူးမီးပုံးဒီဇိုင်းတို့ကို** ယူသက်ပါအပြိုင် ဂွတ်တင်လေ့ရှိသည်။

(PD, 13.2.16) ခုယိရီ

www.free4reader.com

ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင်မြေများကို ဝန်ထမ်းအိမ်ရာအသုံးချမှုအားနည်းဟု ဆို

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ နေအိမ်အဆင်မပြေမှုကိစ္စတင်ပြမှုများကို ယခင်ကလျစ်လျူရှုမှုများရှိခဲ့ကြောင်း လာမည့်အစိုးရသစ်လက်ထက်၌ ဝန်ထမ်းအိမ်ရာကိစ္စများကို ထည့်သွင်းစဉ်းစားပေးမည်ဟု မျှော်လင့်ထားကြောင်း ဝန်ထမ်းအချို့က ထုတ်ဖော်ပြောကြားလာကြသည်။

မြို့ပတ်ရထားလမ်း ဘူတာရုံများအနီး၌ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်မနည်းသောအချိန်က တည်ဆောက်ထားခဲ့သည့် ရထားလမ်းထမ်းအိမ်ရာအခန်းကျဉ်းများတွင်သာ လက်ရှိဝန်ထမ်းများက နေထိုင်ရပြီး ကျင်းကျပ်မှုများကြောင့် ယခင်အဝိုးရလက်ထက်က တင်ပြရန်ကြိုးစားသုံးများရှိခဲ့ကြောင်းလည်း သိရသည်။

"အစည်းအဝေးလာရင် အိမ်ရာကိစ္စကလွဲပြီး ကျန်တာတင်ပြလို့ရတယ်ဆိုပြီး အထက်ကပြောလာတော့ ကျွန်တော်တို့က ဘာမှဆွေးနွေးလို့ မရတော့ဘူးလေ" ဟု ရထားဝန်ထမ်းအရာရှိတစ်ဦးက ပြောသည်။ ရန်ကုန်ကဲ့သို့သော မြို့ကြီးမှာပင်လျှင် ဝန်ထမ်းအိမ်ရာကို ကောင်းမွန်စွာ ဖန်တီးပေးမထားနိုင်ခြင်းက ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျက်ယွင်းမှုကို ဦးတည်စေခဲ့ခြင်းဖြစ်ကြောင်း ၄င်းက ဆိုသည်။

"ကျွန်တော်လည်း တရုတ်တို့ကျပန်တို့မှာသွားပြီး လေ့လာဖူးတယ်။ ကျပန်မှာ ဆိုရင် ဘူတာရုံဘေးမှာ အိမ်ရာတွေရှိတယ်။ ဝန်ထမ်းတွေနေကြတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ရထားမြေတွေပေးပြီးတော့ ဝန်ထမ်းထားဖို့နဲ့ သူဘဏ္ဍာလုပ်ချင်တဲ့ စီးပွားရေးလုပ်ဖို့ အကျိုးတူခွင့်ပြုတာမျိုး လုပ်ကြတယ်။ ဒီမှာတော့ ခုထိအကောင်အထည်မပေါ်သေးဘူး" ဟု ၄င်းကဆိုသည်။ ရထားဝန်ထမ်းအိမ်ရာ၌ နေထိုင်သူ အချို့ထံမှ စုံစမ်းသိရှိရမှုအရ နေအိမ်ခေါင်မိုးယိုသဖြင့် ပြင်ဆင်ပေးပါရန် သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်ကို တင်ပြခဲ့သော်လည်း မိမိစရိတ်ဖြင့်သာ ပြင်ဆင်ရန်ဟု ညွှန်ကြားခံရပူးကြောင်း၊ ယင်းအပြင် ရထားဝန်ထမ်းတဝမ္ပ ထွက်သွားချိန်တွင် အဆိုပါမြေနေရာမှ ချက်ချင်းဖယ်ပေးရသည်အသိ ၎င်းဆိုင်ခဲ့ရသူများလည်းရှိနေကြောင်း သိရသည်။

"လာမယ့် အစိုးရသစ်လက်ထက်မှာတော့ ဝန်ထမ်းတွေ အိမ်ရာကောင်းကောင်းနဲ့နေရဖို့အတွက် မျှော်လင့်ထားတယ်။ ဒါမှလည်း ကျွန်တော်တို့ အလုပ်လုပ်ရတဲ့ အဝိုင်းမှာစိတ်အေးသက်သာစွာနဲ့ဝန်ဆောင်မှုပေးနိုင်မှာပါ" ဟု ၄င်းကဆက်လက်ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်တွင် မြေနေရာများစွာရှိနေပြီး အသုံးမရှိဘဲပစ်ထားခြင်းကြောင့် တန်ဖိုးရှိသင့်သည်များ ဘဏ်ဖိုးမဲ့နေရဆဲဆာဖြစ်ကြောင်း ၄င်းကဆိုသည်။

"ဘယ်နိုင်ငံမှာမဆို ရထားကအရှိန်နဲ့ ပဲလုပ်ပေးနေရတာ၊ ကျပန်တစ်နိုင်ငံပဲ ရထားမြေကို စနစ်တကျစီမံခန့်ခွဲအသုံးချတတ်လို့အမြတ်အစွန်းသွက်တယ်" ဟု ဘဆိုပါ ဝန်ထမ်းအရာရှိက ဆက်လက်ပြောကြားသည်။ အေဝိုင်ဒီး

ဂုတ်ထိပ်တံတားသို့ ပြေးဆွဲပေးနေသော သံလမ်းပြေးယာဉ်များကို အဆင့်မြှင့်တင်မည်

မန္တလေး - လားရှိုး ရထားလမ်းပေါ်ရှိ နာမည်ကျော်ဂုတ်ထိပ်တံတား ကြီးသို့ ပြေးဆွဲပေးနေသောသံလမ်းပြေးယာဉ်များကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားရုံးချုပ် စီးပွားရေးဌာနမှ ဒုတိယအတွေ့တွေ့မန်နေဂျာ ဦးကျော်ကျော်ဖျိုးက ၁၃-၂-၂၀၁၆ရက်တွင်ပြောသည်။

ထိုကဲ့သို့အဆင့်မြှင့်တင်နိုင်ရန် ယခုလလယ်ခန့်တွင် သံလမ်းပြေးယာဉ် (RGC) နှင့် (RBE) အမျိုးအစားများအဘွက် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါခေါ် ယူသွားမည်ဖြစ်ကြောင်း သိရသည်။ "ဂုတ်ထိပ်တံတားကို လာတဲ့လူတွေအရင်ကထက်များလာလို့ ပိုကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်မှာပါ။ ဝပြိုလလောက်မှာ လုပ်ငန်းစတင်နိုင်မှာပါ" ဟုဌ၊င်းကပြောသည်။ လက်ရှိကွင်း ဂုတ်ထိပ်တံတားသို့ခရီးသည် ၂၅ ဦးအထိ စီးနိုင်သည့် သံလမ်းပြေး (RGC) နှင့်ခရီးသည် ၅၀ စီးနိုင်သည့် (RBE) ယာဉ်အမျိုးအစားများဖြင့် ပြေးဆွဲပေးလျက်ရှိရာ ရုံးဖွင့်ရက်များ၌ တစ်ရက်လျှင် ဦးရေ၂၀၀ မှ ၅၀၀ ခန့် ခရီးသည်ပေါင်းများ တွင် ဦးရေ ၈၀၀ မှ ၁၀၀၀ ခန့်အထိ လာရောက်လည်ပတ်လျက်နေကြောင်း သိရသည်။ "တံတားပေါ်လမ်းလျှောက်ခွင့်ကိုတော့ ပိတ်ထားတယ်။ ဒါပေမဲ့ သိပ်နားကနေတော့လေ့လာခွင့်ရှိတယ်။ နိုင်ငံခြားသားဘွေအဘွက်လည်း သီးသန့်ပြေးဆွဲပေးနေဘာရှိတော့ သွားရောက်လိုသူတွေအနေနဲ့ တိုင်းအမှတ် (၃)မန္တလေးကို ချိတ်ဆက်ဆောင်မှုက်လို့ရပါတယ်" ဟုရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား တိုင်း (၇) သွားလာရေးမန်နေဂျာ ဦးကျော်စိုးလင်းကပြောသည်။ **ဂုတ်ထိပ်တံတားကြီးသည် နှစ်ပေါင်း ၁၀၀ကျော် ရှိပြီးဖြစ်ကာ ၁၈၉၉ ခုနှစ်က တည်ဆောက်ပြီး ၁၉၀၈ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။** တံတားအရှည် ၂၂၆၀ ပေ၊ တံတားအောက်ခြေမှ အမြင့်ပေ ၁၁၀ ရှိပြီး ပေ ၃၀ ကျော်မတ်စောက်သော လျှံကြီးနှစ်ဖက်ကို မြှတ်ကျော်တည်ဆောက်ထားခြင်းဖြစ်သောကြောင့် ကမ္ဘာ့အံ့ဖွယ်တရင်းများတွင် ပါဝင်သည်။ ရှိန်းဝင်းထိုက်

www.free4reader.com

Brief News From Pyi Myanmar Daily

အတွေ့တွေ

နေပြည်တော်၌ BEECH -1900 D တပ်မတော်လေယာဉ် ပျက်ကျမှုကြောင့် လေသူရဲငါးဦးခန်းလုံး သေဆုံး

မြန်မာ့တပ်မတော်(လေ)က အသုံးပြုနေသော အမေရိကန်ထုတ် သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်မျိုးဖြစ်သည့် BEECH -1900 D တစ်စင်း ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က နေပြည်တော်လေဆိပ် လေယာဉ်ပြေးလမ်း၏ မြောက်ဘက်ထိပ်မှ ၆၀ ၂၈၀၀ ခန့်အကွာတွင် မလေဆိပ်မှ ပုံမှန်ပျံသန်းမှုအပြီး စမ်းသပ်ပျံသန်းစဉ် လေဟတေးပြို့နယ် သဲကောဂကျေးရွာနှင့် ကြံခင်းကျေးရွာအနီးလယ်ကွင်းထဲပျက်ကျသွားခဲ့ခြင်းဟု သိရသည်။ လေယာဉ်ပေါ်တွင် မလေသူရဲ ဝိုလ်မှူးအောင်ကျော်မိုး၊ ဘွဲ့ဂေါ်လေသူရဲများဖြစ်သော ဝိုလ်ကြီးသင်ကျော်စိုးနှင့် ဝိုလ်ကြီးအောင်ပိုင်ဝိုး၊ လေယာဉ်အင်ဂျင်သားဖြစ်သူ အုပ်ခွဲတပ်ကြပ်ကြီးကျော်ဌေး၊ ဒုတပ်ကြပ်လှဝင်းထွန်းဘို ပါဝင်သွားခဲ့ပြီး လေးဦးမှာ လေယာဉ်ပျက်ကျမှုခဏ ပါသွားခဲ့ကာမပွဲမျင်းပြီးသေဆုံးသွားခဲ့ကြောင်း၊ ဒုတပ်ကြပ်လှဝင်းထွန်းမှာ ဒဏ်ရာရသဖြင့် နေပြည်တော် တပ်မတော်ဆေးရုံကြီး၌ ဆေးကုသမှုခံယူစဉ် ဧပြီလ ၁၂ နာရီခန့်တွင် ဂရိုဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း တပ်မတော်၏လုတ်ပြန်ချက်အရ သိရသည်။ လေယာဉ်ပုံတက်နေစဉ် စက်ပိုင်းဆိုင်ရာအမှားအယွင်းအမျိုးကို တွေ့သဖြင့် မျှတက်နေသော လေယာဉ်နှင့် မြေပြင်ဌာနတို့ အဆက်အသွယ်လုပ်ခဲ့ပြီး ပြန်ဆင်းရန်ကြိုးပမ်းဆဉ်မှာပင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်လေမှ အညွှန်းဖော်လိုသော အရာရှိတစ်ဦးက ပြည်မြန်မာသို့ ပြောသည်။

လစာငြင်းပယ်ခံရသဖြင့် မလေးရှားရောက် မြန်မာလုပ်သားတစ်ဦး ကိုယ့်ကိုယ်ကို လည်လိုးချ သေကြောင်းကြံ

မလေးရှားနိုင်ငံ Petaling Jaya မြို့တွင် အလုပ်လုပ်နေသော မြန်မာလုပ်သားတစ်ဦးသည် လုပ်ခလစာရရန် ငြင်းပယ်မံရမှုကြောင့် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ခဲ့ကြောင်း သတင်းရရှိသည်။ အသက် ၂၄ နှစ်အရွယ် မြန်မာနိုင်ငံသား ကျော်လင်းထိုက်ဟိုယူသည် Paramount Garden ရှိ ပင်လယ်စားစားသောက်ဆိုင်၌ အလုပ်လုပ်အနသုတစ်ဦးဖြစ်ပြီး ဧဖေဖော်ဝါရီ ၉ ရက် ည ၇ နာရီကျော်က ယင်းကဲ့သို့ ကိုယ့်ကိုယ်ကို မှန်စတစ်ခုဖြင့် လည်လိုးသတ်ခဲ့ခြင်းဖြစ်ကာ Matiara Damansara အရပ်ရှိ ကုန်တိုက်တစ်ခုအနီးတွင် ၎င်း၏ဓနာရှိကိုယ်ကို Petaling Jaya ရဲတပ်ဖွဲ့က ည ၇ နာရီခွဲခန့်တွင် တွေ့ရှိခဲ့ခြင်းဟု သိရသည်။ ယင်းမှာ မွန်ပြည်နယ် မုဒုံမြို့မှပင် နေထိုင်သူဟု သိရပြီး ကိုယ့်ကိုယ်ကို လည်လိုးခဲ့သော်လည်း ဂျာကောင်းစွာဖြင့် အသက်မသေခဲ့ဘဲ ကုန်းဟရေးပြန်လည် ကောင်းမွန်လာပြီဟုလည်း သိရသည်။

ပုဂံရွေးဟောင်းဘုရားနှစ်ဆူ၏ သက်တမ်းကို အီတလီနိုင်ငံတွင် တွက်ချက်ခန့်ဖန်းနိုင်ခဲ့

သမိုင်းပညာရှင်များ၏ ပန့်မှန်းမှုများ သာရှိပြီး အသေးစိတ်သိရခြင်း၊ မရှိသေးသော ပုဂံခရူးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပေါင်းကူးကုန်းဘုရားနှင့် ကျောက်မြတ်ခမ်းဘုရားများ၏ သက်တမ်းအား အီတလီနိုင်ငံ Torino University မှ ဓာတ်ခွဲခန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr.Fantino လာရောက်လေ့လာခဲ့ပြီးနောက် ဘုရားများ၏ Simple များကို TL ဓာတ်ခွဲနည်းဖြင့် ခန့်မှန်းတွက်ချက်ရာမှ ဧဟက်တတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း ၉-၂-၂၀၁၆ ရက်က သိရသည်။ ထုတ်ဖော်ဆွေ့ရှိမှုအရ ပေါင်းကူးဘုရား၏ သက်တမ်းမှာ အေဒီ ၁၃ - ၁၄ အတွင်း ဖြစ်ပြီး ကျောက်မြတ်မော်ဘုရားမှာ အေဒီ ၉ - ၁၁ အတွင်းတည်ထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ယုတ်နိုင်ခဲ့သော်လည်း ပေါင်းကူးကုန်းယုံများ သက်တမ်းစမ်းမှန်းချက်မှာ ရာစုနှစ်ကွာဟချက်ရှိနေသည်ကို ၁တွေ့ရှိရပြီး ဘိုးပွဲနည်း ကျွေးသက်တမ်းတွက်ချက်မှု၊ ပြိုးပြည်ပုံသေသေလေ့လာခန်းသစ်မှုများ ပြုလုပ်ရန် လိုအပ်နေသေးကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ရေးသားထားသည်။

သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သော ချင်းပြည်နယ်မှ နေအိမ် ၄၄၀ ခန့် ပြန်လည်တည်ဆောက်ပြီးစီး

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သဖြင့်ပျက်စီးသွားခဲ့ရသော ချင်းပြည်နယ် ဟားခါးမြို့နှင့် တီးတန်မြို့နယ်များရှိ နေအိမ်များကို အစားထိုးအသစ်ပြန်လည်ဆောက်ပေးမှုပြီးစီးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ ၂၀၁၅ မှနစ် ဇွန်လိုင်လများက နိုင်ငံတစ်ဝန်းနီးပါးတွင် ပုံးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ကာ ချင်းပြည်နယ် ဟားခါးမြို့နှင့် တီးဟိန်မြို့နယ်များရှိ အနေအိမ်များပျက်စီးခဲ့ရသဖြင့် ၂၀၁၅ နှစ်ကုန်ပိုင်းမှစ၍ အစိုးရက တာဝန်ယူ၍ ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ တည်ဆောက်ပေးရာတွင် ကော်တန်းကျင်ဟိန်းသိမ်းရေးနှင့် သစ်ကောရေးရာဝန်ကြီးဌာနမှ နေအိမ် ၄၂၀ လုံး ထောက်ပံ့ပေးခဲ့ပြီး အားလုံးမှာ ပြီးမီးသွားခဲ့ခြင်းဖြင့်ကြေနပ်လည်း သိရသည်။

လူငယ်များကို ဝိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဖြစ်စေချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည် အမှတ်တရစကားပြော

မြန်မာနိုင်ငံရိုလူငယ်များကို ဝိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဖြစ်စေချင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီလ ၁၃ ရက်ပေါင် ၁၅ နာရီခန့်တွင် ရန်ကုန်ရှိ ဒေါ်အောင်ဆန်းစုကြည်၏ ဝိုလ်ချုပ်အောင်ဆန်း (၁၀၁) နှစ်မြည့်မွေးနေ့တွင် ပြောကြားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဝိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ကလေးများအနေဖြင့် သတ်မှတ်ထားခဲ့ရာ ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်ရှိ နေအိမ်တွင်လည်း ကိုရင် ၁၅ ပါးနှင့် သံယောဇော်ကက်ဂါးကား ဝိုလ်ချုပ်အောင်ဆန်းမွေးနေ့အလှူအဖြစ် ဆွမ်းဆက်တပ်အလှူခံပြုလုပ်ခဲ့ကြောင်း သိရသည်။

"**ကလေးများနေ့ဆိုတော့ ကိုရင်ကလေးတွေကို ဆွမ်းကပ်တာပါ၊** အင်မတန်မကြည်နူးစရာကောင်းပါတယ်၊ ခပ်တိုတိပြောရရင် ဂေဟပြည်ကလူငယ်တွေကို ပေ၀ေလို ဖြစ်စေချင်ကာပေါ့" ဟု ဝိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က အမှတ်တရစကားမြိုက်ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း (၁၀၁) နှစ်မြည့်မွေးနေ့ အထိမ်းအမှတ်၊ မြန်မာနိုင်ငံကလေးများနေ့သဘင်းအမှတ်ကို ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး **ကလေးသူငယ်များအဘွက် ဖျော်ဖြေရှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဝိုလ်ချုပ်အောင်ဆန်း၏ အဆွေးမွေးဆိုအကျင့်အား ကလေးငယ်များသိရှိစေရန် ပုံများ၊ ဗီနိုင်းများဖြင့် ပြသခြင်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့မှပင် ပြုလုပ်ခဲ့ကြသည်။**

ထို့ပြင် အမျိုးသားခေါင်းဆောင်ကြီး ဝိုလ်ချုပ်အောင်ဆန်း၏ အမှတ်တရများ အနက်တင်ခဲ့ဖြစ်သည့် **ပဲမြောက်နှင့် နံပြားများကို အခေါ် ကျွေးမွေးလှူဒါန်းမှုများ**ပြုလုပ်ခဲ့ကြသည်။ ဝိုလ်ချုပ်အောင်ဆန်း၏ (၁၀၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခန့်ဖြင့်လည်း ဒေသတွင်းကြီးပြင်းပွင့် ဝိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် ဇာတနည်ငေါ်ပြင်ကို ဧဖေဖော်ဝါရီလ ၁၃ ရက်နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကဦးတင်ဦးကိုယ်ကိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်းလည်း သိရသည်။

မျိုးကျော်စိုး

နည်းပညာတက္ကသိုလ် ၃၂ ကျောင်းအထိ မလိုအပ်ဟု ဝန်ကြီးဌာနထံ အင်ဂျင်နီယာကောင်စီ တင်ပြထား

မိုင်ဝတစ်ဝန်ထမ်း နည်းပညာတက္ကသိုလ်ပေါင်း ၃၂ ကျောင်းအထိ ရှိနေပြီး ယင်းပမာဏအထိ မလိုအပ်ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနထံ အစိုးရင်မံမာရေးသားတင်ပြထားကြောင်း အင်ဂျင်နီယာကောင်စီမှ ၁၃-၂-၂၀၁۶ ရက်က သယင်းရင်ယည်း

ရန်ကုန်နှင့် မန္တလေးအပါအဝင် နိုင်ငံတစ်ပမ်းလုံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်၌ နည်းပညာတက္ကသိုလ်ပေါင်း ၃၂ ကျောင်းအထိ ရှိနေပြီး ယင်းတွင် နိုင်ငံတကာအသိအမှတ်ပြု Center of Excellence (COE) ရထားသော ကျောင်းနှစ်ခုသာရှိထားကြောင်းလည်း သိရသည်။ အဆိုပါ ကျောင်း ၃၂ ကျောင်းတွင် သင်ရိုးညွှန်းတမ်း သင်ကြားသုံးစွဲမှုနှင့်ပေးအပ်သောဘွဲ့တို့မှာ အတူတူပင်ဖြစ်သော်လည်း ရန်ကုန်နည်းပညာ တက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် နိုင်ငံတကာအသိအမှတ်ပြု COE များဖြစ်ထားသည့်အတွက် လုပ်ငန်းရှင်များကကြား ဂန်ထမ်းခေါ်ယူမှုနှင့် အဆိုပါကျောင်းနှစ်ကျောင်းမှ ဘွဲ့ရထားသော ကျောင်းသားများက ပို၍မျက်နှာပန်းလှုနေကြောင်းလည်း သိရသည်။ "အခု ခန့်ကြီးဌာန ၁၀ ကျော်ကအနေ ၂၅ မှပဲဖြစ်မယ်တို့ ဘာတို့သတင်းတွေ ထွက်နေတယ်၊ အဲဒီလိုပဲ တက္ကသိုလ်တွေဟာ တူရာတူရာ ပေါင်းကုန်မလားဆတော့ မသိဘူးဟိုနေမှာ။ ကျွန်တော်တို့အနေနဲ့ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို ရေးတင်ခဲ့တာက မြန်မာပြည်မှာ ၃၂ မကျောင်းမလိုဘူးလို့ ခပျို" ဟု အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က ပြောသည်။ လက်ရှိတွင် ကျောင်း ၃၂ ကျောင်းလုံး၌ ပညာရေးဝန်ထမ်းများလည်းပတ်နေသော်လည်း အရည်အချင်းကို ခွဲမြားထုတ်နိုင်ခြင်းထက် အရေအတွက်ချည်းသာမြှားထုတ်နေပါက အင်ဂျင်နီယာအသိုင်းအဝိုင်း၏ အဝင့်အတန်းမှာ နိမ့်ကျလာမည်သာဖြစ်ကြောင်း ယင်းကဆိုသည်။ "အခုလည်း အထိုက်အလျောက်တော့ ကျနေပါဟယ်၊ အမင်္ဂလာမဲ့ပြီးတော့ အပြင်မှာ အလုပ်လက်မဲ့ဖြစ်နေကတွေအများကြီးပဲ၊ အာမုလည်း သုံးစားလို့မရဘူး၊ နိုင်ငံမြားလည်းသွားသုံးလို့ မရဘူး၊ ဒီတွဲ့ရတာပဲဆိုပြီး လက်မှတ်လေးကိုင်ပြီး သုံးစားလို့ရမလားလို့ နိုင်ငံခြားထွက်ကြည့်ပါလား အယ်မှာမ သွားသုံးစားလို့ရမှာ မဟုတ်ဘူး ဒါကြောင့် ကျွန်တော်တို့က အရည်အချေရှိတဲ့ အင်ဂျင်နီယာတွေဖြစ်စေဖို့ကြိုးပမ်းနေတာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ၎င်း၏အဆိုအရ အင်ဂျင်နီယာပညာ ချိုးနေသော်လည်း ကောင်စီကပေးအပ်သော အသိအမှတ်ပြုလက်မှတ်ရယူသာလျှင် ကောင်စီက အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အေဝိန်ဆီး

သီလဝါစက်မှုဇုန်တွင် ဂျပန်ခေါက်ဆွဲစက်ရုံကို ပထမဆုံးဖွင့်လှစ်မည်

သီလဝါအထူးစီးပွားရေးဇုန်တွင် မြန်မာနိုင်ငံ၏ စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် ဂျပန်နိုင်ငံ **Ace-Cook ကုမ္ပဏီမှခေါက်ဆွဲစက်ရုံကို ပထမတုံးလာရောက်ဖွင့်လှစ်ပဲဥ ဇွန်လကြောင်း** ၁၃-၂-၂၀၁۶ ရက်တွင် သတင်းရရှိသည်။

ဂျပန်နိုင်ငံ AceCook ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် ၂၁၁၄ ခုနှစ် လေးလပိုင်းမှစတင်ကာ AceCook Myanmar ရုံးဖွင့်လှစ်ခဲ့ပြီး **အသင့်စားခေါက်ဆွဲများ ဖြစ်သည့် HANA နှင့် KOSSY ခေါက်ဆွဲကိုကို ဖြန့်ချိရောင်းချခဲ့ရာမှ ၂၀၁۶ ခုနှစ်တွင် မြန်မာ့ရိုးရာပင်း** အရသာကို **အဖြေခံပြီးထုတ်လုပ်ထားသည့် ရိုးရာပင်းခေါက်ဆွဲကို ထပ်မံဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း** သိရသည်။ "**အခုမြန်မာနိုင်ငံမှာ ထပ်မံထုတ်လုပ်ရောင်းချမယ့် ခိုးပြောပင်းခေါက်ဆွဲက မြန်မာ့ရိုးရာပင်းအရသာကို အဖြေခံပြီး မြန်မာလူမျိုးတွေ အကြိုက်တွေ့စေဖို့ သီးသန့်ညှော်ရွယ်ပြီး ထုတ်လုပ်ထားတာပါ၊** ၂၁၁၄ ခုနှစ်ကစပြီး **မြန်မာနိုင်ငံ**ရေးကွက်ထဲကို Ace Cook **အနေနဲ့** ဝင်ရောက်လာပေမယ့် **မြန်မာနိုင်ငံမှာ** ဖြန့်ချိရောင်းချတဲ့ ခေါက်ဆွဲတွေကို ဒီယက်နမ်နိုင်ငံမှာရှိတဲ့ စက်ရုံကနေ တိုက်ရိုက်တင်သွင်းရောင်းချခဲ့ပါတယ်။ ဒါပေမဲ့ ရေးကွက်အတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရင်တာရယ် အိမ်နီးချင်းအာရှနိုင်ငံတွေကိုလည်း ပိုမိုတိုးတိုးရောက်ရောက်ချောင်းချတဲ့အတွက် **မြန်မာနိုင်ငံက သီလဝါအထူးစီးပွားရေးဇုန်မှာ စက်ရုံဆောက်ပြီး ဆောင်ရွက်ပါမယ်၊ အဲဒီပက်ရုံကို ၂၀၁၇ ခုနှစ်လောက်မှာ ပြီးစီးမယ်လို့မျှော်လင့်ပါတယ်**" ဟု Ace Cook ဥက္ကဋ္ဌ ဟီရိုရှိမုရာအိုခါအို က ပြောသည်။

အသင့်စားခေါက်ဆွဲများကုတ်လုပ်သည့် Accecook ကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် ၁၉၅၄ ခုနှစ်ကစတင်တည်ထောင်ခဲ့ပြီး **တစ်နေ့လျှင် ခေါက်ဆွဲထပ်ရေပေါင်း** ဆန်း ၃၀၀ကျော်ဆုတ်လုပ်ကာ **နိုင်ငံပေါင်း ၄၀ နီးကိုတင်ပို့ရောင်းချလျက်ရှိကြောင်း** သိရသည်။

နေနွယ်

www.free4reader.com

နိုင်ငံခြားဘဏ်ခွဲ ဒုတိယအကြိမ်လိုင်စင်အတွက် ငါးနိုင်ငံမှ ဘဏ် ၁၃ ခု လျှောက်ထားရာ ထိုင်ဝမ်က ရှစ်ခုဖြင့် အများဆုံးဖြစ်နေ


ထိုင်ဝမ်က Taiwan Cooperative ဘဏ်တစ်ခေတ် ဓာတ်ပုံ

နိုင်ငံခြားဘဏ်များ မြန်မာနိုင်ငံ၌ ဘဏ်ခွဲဖွင့်ခွင့် ဒုတိယအကြိမ် လိုင်စင်လျှောက်ထားမှုဆန်းစစ်ရာတွင် ထိုင်ဝမ်ကအများဆုံးအဖြစ် ဘဏ်ရှစ်ခုကလျှောက်ထားလာပြီး စုစုပေါင်း ၁၃ ဘဏ်လျှောက်ထားလာမှုတွင် ငါးနိုင်ငံပါဝင်ခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံခြားဘဏ်များ ဘဏ်ခွဲဖွင့်ခွင့် လိုင်စင်အတွက် ဧပြေလေးရိုး ၁ ရက်က နေပြည်တော်ဆိုးယားမှ ပဟိုဘဏ်ကခေါ်ယူခဲ့ရာတွင် ထိုင်ဝမ်နိုင်ငံမှ Cathay United ဘဏ်၊ E SUN Commercial ဘဏ်၊ Taiwan Business ဘဏ်နှင့် Taiwan Cooperative ဘဏ်၊ Taiwan Shin Kong Commercial ဘဏ်၊ Mega International Commercial ဘဏ်၊ First Commercial ဘဏ်နှင့် CTBC ဘဏ်တို့လည်းပါဝင်ခဲ့ပြီး အခြားသောငါးခုမှာ တောင်ကိုရီးယားမှ Shinhan ဘဏ်နှင့် KB Kookmin ဘဏ်၊ အိန္ဒိယမှ State Bank of India ဟောရစ်ရှမ်မှ State Bank of Mauritius နှင့် ဗီယက်နမ်မှ Investment and Development of Vietnam ဘဏ်တို့ဖြစ်ကြောင်း သိရသည်။

Reuters အဖွဲ့အစည်း နိုင်ငံကူးကုန်သွယ်ရေးနေဖက်ပြချက်အရ ထိုကို ဘဏ်အနေဖြင့် စုစုပေါင်းလျှောက်ထားလာသည့် ၁၃ ဘဏ်ထဲမှ မည်သည့်ပမာဏကို ခွင့်ပြုပေးမည်ဆိုသော အကည်းပြုမှုမပေးခဲ့ကြောင်း၊ ထိုင်းသတင်းစာဘန်ကောက်ပို့စ်၏ ဖော်ပြချက်၌ ယခုကစ်ကြေမ်လိုင်ဝင်၌ ထိုင်းဘဏ်များလုံးဝ မပါဝင်ခဲ့ကြောင်း ဦးစားပေးဖော်ပြထားသည်ကို တွေ့ရသည်။

ပြည်တွင်း ထိပ်တန်းဘဏ်ကြီးဖြစ်သော KBZ ၏ အကြီးတန်း အကြံပေးဖြစ်သူ ဦးသန်းလွင်က ပြည်မြန်မာနှင့် သီးသန့်စတွေ့ထုံးစံ နိုင်ငံခြားဘဏ်ခွဲများလာဖွင့်သည့်ကိစ္စအပေါ် သုံးသပ်ကြောကြားမှု၌ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာယုံကြည်မှုမြင့်မားလာခြင်းကြောင့်သာဖြစ်ပြီး စီးပွားရေးအလားအလာကောင်းများ ရှိမနေပါကလည်း နိုင်ငံတကာတက်များက လုပ်ကိုင်ပင် ကြည့်မည်မဟုတ်ဟုဆိုသည်။

နိုင်ငံတကာသတင်းဌာနများ၏ ဖော်ပြချက်များအရ ယခုနှစ်မတ်လ အစိုးရကာလ ၁နှစ်မလွန်မီ ကြားကာလအတွင်းမှာပင် လျှောက်ထားသော ၁၃ ဘဏ်ထဲမှ ဘဏ်ခွဲဖွင့်ခွင့်ရမည့် နိုင်ငံခြားဘဏ်စာရင်းကို ဇဟိုဘဏ်က ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ် နိုင်ငံခြားဘဏ်ခွဲ ဖွင့်ခွင့်ပေးခဲ့သော ၂၀၁၄ စုနှစ်က နိုင်ငံတကာဘဏ် ၄၀ ကျော်က ဘဏ်ခွဲ ဖွင့်ခွင့်လျှောက်ထားခဲ့မှုဖြင့် စုစုပေါင်း ကိုးဘဏ်ကိုသာ ခွင့်ပြုခဲ့ကြောင်း သိရသည်။ အေဝိုင်အီး

TRAVEL NOW
20% OFF
ALL DESTINATIONS
ခြွေတင်ဝယ်ယူရမည့်ကာလ - ယနေ့ မှစ၍ ၂၀၁၆ ဧပြေလ ၁၆ ရက်နေ့ အထိ
ခရီးသွားရမည့်ကာလ - ၂၀၁၆ ဧပြေလ ၁၆ ရက်မှစ၍ ဒီဇင်လ ၃၀ရက် နေ့ အထိ
GUARANTEED
ရန်ကုန်/ မန္တလေး မှ ပျံသန်းသည်
+ ဘန်ကောက်
+ ကွာလာလမ်ပူ
+ ပီနန်း ခရီးစဉ်အသစ်
ပီနန်း*(ခရီးစဉ်အသစ်)မတိုက ၂၂ရက်နေ့တွင် ခရီးစဉ် စတင်ပိတ်ဆက်ပျံသန်း ပါမည်
ရန်ကုန် / မန္တလေး မှတစ်ဆင့်ဘိုကာ်ရိုက်ဆိုတာ်ဆက်ပျံသန်းသည်
(ဘန်ကောက်/ကွာလာလမ်ပူမှတဆင့်)
+ ဗူးခက် + ခရာဘီ + ဆီရမ်ရီ
+ မီရီ + ချန်နိုင်း + မကာအို
နှင့် အခြားခရီးစဉ်များစွာသို့
Download the AirAsia Mobile App
Available on iOS and Android
AirAsia Myanmar | airasia.com
Air Asia
AirAsia Travel & Service Centre
Group booking
Seven Diamond Travel
Than Than Travel
Columbus Travels & Tours
Nice Fare Travel
UA Thaketing and Tour
*23% OFF

www.free4reader.com

တန်ဖိုးနည်းလုပ်သားလိုအပ်မှု ဖြည့်တင်းရေး မြန်မာမှ အလုပ်သင်လုပ်သားများကို ဂျပန်မှက်စိကျနေ

ဂျပန်နိုင်ငံက တန်ဖိုးနည်းလုပ်သားလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရေးအတွက် မြန်မာနိုင်ငံမှလုပ်သားများကို ခေါ်ယူအသုံးပြုနိုင်ရန် လိုအပ်သောအရည်အချင်းပြည့်မီမှုရှိမရှိ လေ့လာနေသည်ဟု THE ASAHI SHIMBUN သတင်းဌာနက ရေးသားဖော်ပြကြောင်း ၁၃-၂-၂၀၁۶ ရက်က သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် တန်ဖိုးနည်းလုပ်သားများပါးမှုဖြစ်ပေါ်နေပြီး ပြည်ပမှနည်းစနစ်ပိုင်းအာမခံချက်ရှိသော အလုပ်သင်လုပ်သားများကို ခန့်ထားနိုင်ရေးအတွက် ကြိုးပမ်းမှုမျှော်မှန်းကြောင်း၊ ဝိုကျို့ကခြေရိုက် Ochanomizu University မှ ပါမောက္ခ Takashi Miyajima တွက် ဆက်၍ ပြောကြားခြင်းဖြစ်သည်၊

"စက်မှုလုပ်သား အလုပ်သင်တွေကို ဂျပန်နိုင်ငံထဲမှာ အလုပ်လုပ်ခွင့်ပေးနေတယ်ဆိုပေမယ့် သူတို့အတွေ့အကြုံ လုပ်ခလစာတွေအတွက် အလုပ်ပြောင်းခွင့်မရဘူး။ အပြောင်းအလဲလုပ်တဲ့ နေရာမှာ စက်မှုအလုပ်သင်လုပ်သားတွေကို **တူညီတဲ့ပေးချေမှုတွေနဲ့ လုပ်ငန်းတွေကို ဒီအတိုင်းပဲ ထက်လုပ်နိုင်းနေမယ်အစား လွတ်လပ်စွာ အလုပ်ပြောင်းခွင့်ပေးသင့်တယ်**" ဟု မစ္စတာ Takashi Miyajima ကပြောသည်၊

အရှေ့ဘက်ခြမ်းမှ ဂျပန်နိုင်ငံအနေဖြင့် ပြည်ပမှ အလုပ်သင်လုပ်သားများကို ခေါ်ယူအသုံးပြုမှုတွင် အလုပ်သင်မှတစ်ဆင့် တက်သွားသော်လည်း နောက်ထပ်အလုပ်သင်များကို ခေါ်ယူဖြည့်တင်းမှုအပိုင်းက အားနည်းနေကြောင်းဆိုသည်၊ ယင်းအဘက် ဂျပန်လုပ်ငန်းရင်းများကို တိုက်တွန်းခြင်းဖြစ်ပြီး ဂျပန်လုပ်ငန်းရင်းများကလည်း မြန်မာနိုင်ငံမှ တန်ဖိုးသက်သာလုပ်သားများကို မှက်စိကျနေသည်ဟု THE ASAHI SHIMBUN က ဆိုသည်၊ အသွင်ပြောင်း မြန်မာအစိုးရလက်ထက် ၂၀၁၃ ခုနှစ်ထ မြန်မာ့အလုပ်သင်လုပ်သား ၀၂၅ ကို ဂျပန်ကအစိုးရချင်းသဘောတူမှုဖြင့် ခေါ်ယူအသုံးပြုခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၀၄၇၈ ဦးအထိရှိလာခဲ့ကြောင်း သတင်းက ဆိုသည်။

အေဝိုင်အီး

ရန်ကုန်၊ ရခိုင်၊ ရှမ်းနှင့် ကချင်ဒေသ ဝန်ကြီးချုပ်များကို တပ်မတော်က တာဝန်ပေးလိုခြင်းမှာ နိုင်ငံရေးအရ အရေးပါသောကြောင့်ဟုဆို

ရန်ကုန်၊ ရခိုင်၊ ရှမ်းနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် တာဝန်များအတွက် တပ်မတော်နှင့် အနိုင်ရပါတီဒေါ်အောင်ဆန်းစုကြည်တို့ ရွေးနေးရခက်နေသော်ပေးပြီး **ယင်းနေရာများမှာ အမှန်ကယင်ပင် တပ်မတော်က လိုလားသော သူများကိုခန့်ထားသင့်သော အရေးပါသည့် မျက်နှာစာများဖြစ်ကြောင်း** သုံးသပ်ဆိုထက်ပြသူများရှိလာသည်။

အလူးသမြင့် ရခိုင်ပြည်နယ်အတွက် ဝန်ကြီးချုပ်အဖြစ် ယစင်ဝန်ကြီးချုပ်ဖြစ်သူ အငြိမ်းစားဗိုလ်ချုပ် ဖောင်ဖောင်အုန်း ရန်ကုန်အတွက် ဝန်ကြီးချုပ်တာဝန်ကို တပ်မတော်လေမှ ဗိုလ်မှူးချုပ် သိန်းနိုင်၊ ရှမ်းပြည်နယ်အတွက် ဝန်ကြီးချုပ်တာဝန်ကို အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းတွင့်တို့ဖြစ်သင့်ကြောင်း တပ်မတော်ဟောင်းအရာရိုင်းအဝိုင်းဘက်ကလည်း ထောက်ပြလာသည်။ "**ဖွဲ့စည်းပုံအခြေခံဥပဒေမဖြေအဟိုင်းဟိုလေ၊ အနိုင်ရပါတီက သမ္မတရဲ့ ဆုံးဖြတ်ချက်ပေါ်မူတည်တာပေါ့**" ဟု ရှမ်းပြည်နယ်ဝန်ကြီးချုပ်လောင်းအဖြစ် တပ်မတော်ဘက်က လာထားသူ ဟု သတင်းထွက်နေသော အငြိမ်းစား ဒုတိယ ဗိုလ်ချုပ်ကြီး အောင်သန်းထွင့်ကပြည်ပြန်မာ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။ ရခိုင်ဝန်ကြီးချုပ်အဖြစ် လာထားခဲ့ရ သည့်ဆိုသော အငြိမ်းစားဗိုလ်ချုပ် ဖောင်ဖောင်အုန်းက RFA ကို ပြောကြားထားမှုတွင် "ရခိုင်ပြည်နယ်ကြီးဟောင်းဖို့ ပဲ ဧည့်စားတယ်၊ ကျွန်တော်ဘာဖြစ်ဖို့တွေ့၊ ညာဖြစ်ဖို့တွေ့ မစဉ်းစားပါဘူး။ အတတ်နိုင်ဆုံးတော့ သင့်တော်တဲ့ဘာဝန်တွေကို ထမ်းဆောင်ချင်တယ်၊ ခပ်ပြင့်ပြင့်ပြောရရင် နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက်၊ သာမန်ပြောရရင် ရခိုင်ပြည်နယ်မှာ ကိုယ်စားလှယ်ဖြစ်ရတဲ့အတွက် ရခိုင်ပြည်နယ်အတွက်ကို လုပ်ပေးနိုင်တာတွေလုပ်ပေးဖို့ ဒီလောက်ပဲ ရည်ရွယ်ချက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တခြားရည်ရွယ်ချက်တွေမရှိကြောင်း အတိအလင်းပြောကြားပါတယ်" ဟု ဝေ့ဝေ့ရသည်။ **ကချင်ဖြည်နယ်ဝန်ကြီးချုပ်တာဝန်အတွက် တပ်မတော်က မည်သူကို လုပ်ထားသည်ဆိုသည်ကိုမူ သတင်းအစအနထွက်မလာခဲ့တဲ့** ရန်ကုန်အတွက်ကိုမူ အငြိမ်းစားဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေ၏ သမက်ဖြစ်သူကို လျာထားကြောင်း သတင်းများ မူလကတည်းကတွက်လာခဲ့သည်။

"**ရခိုင်၊ ရှမ်း၊ နေ့ကုန်၊ ကချင် ဒါတွေ အကုန်လုံးက စစ်ဘက်ဆိုင်ရာ ရှုထောင့်အရ ကြည့်ရမင် ပဟာယ်အရေးပါတဲ့ နေရာတွေပါ၊ ဆိုလိုတာက ရခိုင်ဆိုရင် ဘင်္ဂလားဒေ့ရှ်ရဲ့ လူဦးရေအနှစ်ရာယ်ကြားမှာရှိတယ်၊ ရန်ကုန်ကတော့ မြန်မာနိုင်ငံရဲ့ အဓိကကျဆုံး အရေးကြီးဆုံးမြို့တစ်မြို့ပဲ၊ ရှမ်းပြည်နယ်ဆိုရင်လည်း ဧလာက်ကိုင် တိုက်ပွဲဖြစ်ခဲ့ရတာကိုကြည့်၊ ကချင်ဆိုရင် လည်း KIA လို မျိုးအပါအဝင် တရုတ်ဘဲ့ အနေအထားကို သတိပြုစရာပဲ၊ ဒီနေရာတွေမှာ တာဝန်ယူရမယ့် ဝန်ကြီးချုပ်က သက်ဆိုင်ရာဒေသရဲ့ ဗိုလ်မှူးချုပ်အဆင့် ထက်မနိမ့်တဲ့ တိုင်းမှူးကို သြဇာလွှမ်းမိုးဖို့ ဆိုတာက သူ့ဘို့ထက် စိန်ယာကျတဲ့ သူမှ သာလျှင် ပိုပြီး ထိထိဝင်ဝင်အလုပ်လုပ်လို့ရမှာပါ**" ဟု တပ်မတော်သားအရာရှိတောင်းတစ်ဦးက သုံးသပ်ထောက်ပြသည်။

အမျိုးသား တပ်မတော်သားဟောင်းများကလည်း ယင်းနေရာလေးခုကိုနာမည်ကောင်းရှိသော တပ်မတော်သားအရာရှိကြီးများက တာဝန်ယူပေးခြင်းအားဖြင့် တပ်မတော်၏ ဂုဏ်သိက္ခာပိုင်းကို ပြန်လည် မြှင့်တင်ရန်ကြိုးစားသင့်ကြောင်း ဆိုကြသည်။ လက်ရှိတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကြား၌ ယင်းကိစ္စမှာ **ရွေးနေ့ရက်နေသော ကိစ္စဖြစ်နေဆဲဟု** နိုင်ငံတကာ သတင်းဌာနအချို့ကလည်း ဖေဖော်ဝါရီ ၁၃ ရက်၌ သုံးသပ်ဖော်ပြနေကြသည်။

Iris

နိုင်ငံတစ်ဝန်းရှိ အဆောက်အအုံများအားလုံး တည်ဆောက်ခွင့်ကို CIDB ကသာ ခွင့်ပြုပေးရန် ပြင်ဆင်နေ

ဆရာဝန်မှားပါက တစ်ဦးသာသေနိုင်ပြီး အင်ဂျင်နီယာများပါက လူအများအပြားသေနိုင်သည့် အကွက် နိုင်ငံတစ်ဝန်း အဆောက်အအုံ များတည်ဆောက်မှ ခွင့်ပြုချက်ကို မြန်မာ CIDB ကသာ ခွင့်ပြုပေးရန် စီစဉ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

မလေးရှား၊ စင်္ကာပူ အစရှိသော နိုင်ငံများတွင် အဆောက်အအုံ ကဏ္ဍအတွက် အာကာပိုင်အဖွဲ့တစ်ဖွဲ့ ရှိနေပြီး မြန်မာနိုင်ငံက မလေးရှားနိုင်ငံ၏ CIDB (Construction Industry Development Board) ပုံစံမျိုးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ရန် စုစည်းနေပြီဖြစ်ကြောင်း လည်း သိရသည်။ "လွတ်တော်က ကျွန်တော်တို့ကို မေးတာမှာ ဘာကြောင့် အင်ဂျင်နီယာကောင်စီဥပဒေ ထုတ်မြန်ချင်တာလဲဆိုတော့ ကျွန်တော် တစ်ခွန်းပဲ ပြောတယ်၊ For Public Safety အတွက်ပါလို့။ ဘာဖြစ်လို့ အဲဒီလို ပြောသလဲဆိုတော့ **ဆရာဝန်မှားရင် လူနာတစ်ဦးပဲ အသက်သေနိုင်တယ်၊ အင်ဂျင်နီယာမှား သွားရင် လူ့အသက်မပေါင်းများစွာ သေကြေပျက်စီးသွားနိုင်တယ်၊ ဆိုကြပါစို့ တံတားတစ်စင်းပေါ်ကနေ ရထားတစ်စင်း ဖြတ်မယ်၊ တံဘားကျိုးကျမယ်ဆိုရင် လူ့အသက်ပေါင်းများစွာ မသေနိုင်ဘူးလား**" ဟု ဆောက်လုပ်ရေးပန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောသည်။ ၄င်းဦးဆောင်နေသော အင်ဂျင်နီယာကောင်စီဥပဒေ ထုတ်ပြန်ခြင်းကို ရေးဆွဲနေကြောင်း၊ ယင်းဥပဒေတစ်ခုကို ရေးဆွဲနေကြောင်း၊ ယင်းဥပဒေဖြင့်**လာ ကဆောက်အအုံဆောက်လုပ်မှုကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း** ဆိုသည်။ "တစ်နိုင်ငံလုံးမှာဆောက်မယ့် အဆောက်အအုံတွေကို CIDB ကပဲပေးမယ်။ ဒီအတွက်ပြင်ဆင်နေတယ်" ဟု ၄င်းကပြောသည်။ ယင်းကဲ့သို့ အဆောက်အအုံ ကဏ္ဍအတွက် CIDB အဖွဲ့ကသာ ခွင့်ပြုခွက်ပေးရန် ပြင်ဆင်နေခြင်းကို ကြိုဆိုကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်ကိုဇေသီဟက ပြောသည်။ အထူးသဖြင့် တိုက်ကျနိုင်မှုဆိုး ဥပဒေများအောက်မှ အလုပ်လုပ်ရခြင်းကြောင့် လုပ်ငန်းလုပ်ကိုင်ရမှုများ ပိုမိုမြန်ဆန်အားကောင်းလာမည်ဟု တွက်ဆကြောင်း ၄င်းက သုံးသပ်ပြောကြားသည်။

အေဝိုင်အီး

Brief News From Pyi Myanmar Daily

အထွေထွေ

လှိုင်သာယာစက်မှုဇုန်ရှိ တရုတ်နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံသုံးရုံတွင် အလုပ်သမားများဆန္ဒပြ

အလုပ်ရှင်အလုပ်သမားအငြင်းပွားမှု ပြဿနာများကြောင့် လှိုင်သာယာစက်မှုဇုန်ရှိ တရုတ်နိုင်ငံသားပိုင်အထည်ချုပ်စက်ရုံသုံးရုံတွင် ဖေဖော်ဝါရီ ၁၀ ရက်က အလုပ်သမားများ အလုပ်ရပ်နားမျိုးမက်ရုံအတွင်းဆန္ဒပြုမှုဖြစ်ပွားလျက်ရှိကြောင်းသိရသည်။ ဆန္ဒပြသော စက်ရုံများမှာ လှိုင်သာယာစက်မှုဇုန် ၅ မှ "ငင်းတက်စ်မြန်မာ ၁" အထည်ချုပ်စက်ရုံ၊ ရွှေသံလွင်စက်မှုဇုန်မှ "လွှန်ဇီခါ" အထည်ချုပ်စက်ရုံနှင့်ရွှေလင်းနန်းစက်မှုဇုန်မှ "လဝန်ဆက်သာ" အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများဖြစ်ကြောင်းသိရသည်။ "အလုပ်သမားခေါင်းဆောင်ကို ထုတ်မစ်လို့ ဆန္ဒပြကြတာရယ်၊ ပြီးခဲ့တဲ့လကလုပ်ခလစာကိုမပေးလို့ အလုပ်သမားတွေက ဆန္ဒပြတောင်းဆိုတာရယ်၊ လူမှုဖူလုံရေးထည့်သွင်းထားပေမယ့်ဆေးခွင့်မ ပေးတာကြောင့် အလုပ်သမားတွေက အလုပ်ရပ်နားပြီးဆန္ဒပြကြတာပါ၊ ဒီနေ့မှာပဲ အကုန်လုံးအဖွဲ့ချုပ်မုံး၊ကိုပေါ်ပြီး တစ်ပြိုင်တည်းလာပြီး အကူအညီကောင်းကြတာပါ" ဟုမြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)မှ အဖွဲ့ဝင် ဦးဖျိုးဇော်ဦးက ပြည်မြန်မာနေ့စဉ် သတင်းစာသို့ပြောသည်။

ကြက်ဖကြီး အကောင်ပိုင်ရှင်ဟု ဆိုသော အမျိုးသားတစ်ဦးကို ဖမ်းဆီးခစ်သား

နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာ ကွယ်ရေးဦးစီးချုပ်ကို အသရေဖျက်သောစာများရေးသားကာ လူမှုကွန်ရက်ဖေ့စ်ဘုတ်ကို ကြက်ဖကြီးအမည်ဖြင့် တင်ခဲ့သည်တဲ့ ယူဆသော အမျိုးသားတစ်ဦးကို ဖမ်းဆီးသား ကြောင်း မရမ်းကုန်းမြို့နယ်ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြည်မြန်မာနေ့စဉ် သတင်း စာကို ပြောသည်။ "ဖမ်းလိုက်တာ ဟုတ်တယ်၊ အမှုဖွင့် ယနေ့ယယ်။ ပီပီပေါ်ထဝ္ဌန်းနတ်(ကိမ ၆၆(ယ))အရေးယူထားတယ်" ဟု အထက်ပါရဲအရာရှိက ပြောသည်။ ဦးလှဇုန်းသည် Kyat Pha Gyi (ကြက်ဖကြီး) အကောင့်ဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ပုံကို ကွန်ပျူတာနည်းပညာဖြင့် ပြုပြင်၍ လူမှုကွန်ရက်တွင်တင်ကာ ပဖွယ်မရာရေးသားခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂုဏ်သိက္ခာ ထိခိုက်စေမည့်စာများလည်း ရေးသားလွှဲ့ဆော်ခဲ့ဟုဆိုကာ ရန်ကုန်တိုင်းဒေသကြီးချုပ်မှ ဒုတိယဒိုလိမ့်ကြီးတစ်ဦးက တရားလိုပြုလုပ်တိုင်ကြားခြင်းဖြစ်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ယ)ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း မရမ်းကုန်းမြို့နယ်ရဲစခန်းမှ သတင်းရရှိသည်။

မြန်မာအပါအဝင် မလေးရှားမှ ပြည်လုပ်သားများကို Levy ကြေး တိုးမြှင့်ကောက်ခံမှု ယာယီရပ်ဆိုင်းကြောင်း ဒုဝန်ကြီးချုပ် ကြေညာ

မြန်မာနိုင်ငံအပြင် မလေးရှားနိုင်ငံအတွင်းရှိပါ ကန့်ကွက်ဝေဖန်မှုများကိုရင်ဆိုင်နေသော မလေးရှားရောက်မြန်မာလုပ်သားများအပေါ် Levy ကြေးတိုးမြှင့်ကောက်ခံမှုကိုရပ်ဆိုင်းထားလိုက်ကြောင်း သတင်းရရှိသည်။ " ကက်သိန်းက ဆုံးဖြတ်လိုက်တာကတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆက်စပ်လူမှုအဖွဲ့အစည်းတွေနဲ့ဒီကိစ္စအပေါ် ဆွေးနွေးပွဲကုန်ပလို့ ဇေဖော်ဝါရီ ၂၁ ရက် တိုးမြှင့်ကောက်ခံမယ့်နှုန်းထားကို ယာယီရပ်ဆိုင်းထားလိုက်မယ်ဆိုတာပါပဲ" ဟု မလေးရှား၊ ဒုတိယဝန်ကြီးချုပ် Ahmad Zahid Hamidi က မလေးရှားမီဒီယာများကို ဇေဖော်ဝါရီ ၁၁ ရက် ညဦး၌ ပြောသည်။

ဘင်္ဂလားပင်လယ် မြန်မာကမ်းလွန်ရေနက်လုပ်ကွက်၌ စီးပွားဖြစ်ထုတ်နိုင်ခြေရှိသော သဘာဝဓာတ်ငွေ့ကြော ထပ်မံတွေ့ရှိ

ဘင်္ဂလားပင်လယ်အတွင်းရှိ မြန်မာ့ကမ်းလွန်ပင်လယ်ပြင် ရေနက်ပိုင်း လုပ်ကွက်အမှတ် စီ-၇ ၌ စီးပွားဖြစ်ထုတ်လုပ် နိုင်ခြေရှိသော သဘာဝဓာတ်ငွေ့ခိုအောင်းနေကြောင်း တိုင်းတာတွေ့ရှိခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာက ဖေဖော်ဝါရီ ၁၁ ရက်ညဦးတွင် သတင်းဆုတ်ပြန်လိုက်ပြီး ယင်းထုတ်ပြန်ကြေညာမှုတွင် ရေနက်ပိုင်းဒေသ လုပ်ကွက်အမှတ် စီ-၇ ၌ ဂန်နဂါရီ ၂၂ ရက်က စတင်တူးဖော်ခဲ့ရာ အနက် ၃၀၃၄ မီတာအထိ တူးဖော်နိုင်ခဲ့ပြီး အနက် ၂၈၀၂ ဘာမ ၅ မီတာတွင် တွင်းတူးဖော်စဉ်တိုင်းတာမှုများပြုလုပ်ခဲ့ရာ ရည်မှန်းသဲကြောဖြစ်သော G 6 .9 ၌ သဘာဝဓာတ်ငွေ့ခိုအောင်းနေကြောင်း တိုင်းတာတွေ့ရှိခဲ့သည်ဟု သိရသည်။ ယင်းအတွက် Wireline Logging တိုင်းတာမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အနက် ၂၈၀၅ မှ ၂၈၆၅ မီတာအကြား ၆၀ မီတာအတွင်း သဲကြောတွင် ၂၅ မီတာ အထူရှိ အဓိက သဲကြောတစ်ခုနှင့် ကျန် ၃၅ မီတာအတွင်းရှိ အခြားသဲကြောများတွင် သဘာဝဓာတ်ငွေ့ ဖြစ်တည်နေကြောင်း အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

JES Driver Academy
အထူးယာဉ်မောင်းသင်တန်း
ကူးခြားသော နည်းစနစ်များဖြင့် သင်ကြားပေးမည့် ယာဉ်မောင်း အထူးသင်တန်းကို (၂၂-၂-၂၀၁۶) တနင်္လာနေ့တွင် ဖွင့်လှစ်ပါမည်။ လုဝီးရေကန့် သတ်ထားပါသည်။ (၁) လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးမည်၊ (အမောင်းသင်လိုင်စင် လက်ဝယ်ရှိသူများ အပြန်လိုင်စင်ရမည်၊) တက်ရောက်လိုသူများ အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။
09-8581144, 09 32173735, 09-263145979, 09-32250319, 09-797815723, 09 263464993
www.facebook.com/jesdriveracademy

www.free4reader.com

လွတ်တော်သည် သဘောထားမတူညီသူများအကြား နပန်းလုံးရာ ကြိုးဝိုင်းမဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော

လွတ်တော်ဆိုသည်မှာ သဘောထားမတူညီသူများအကြား နပန်းလုံးရာ ကြိုးဝိုင်းမဟုတ်ကြောင်း လွတ်တော်ဝင်း အတွင်းရှိ သဘာဝဆောင်၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ကပြုလုပ်သော ဒုတိယအကြိမ် လွတ်တော်ကိုယ်စားလှယ်များအဘွဲ့ကို လွတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းထင်ပြင်ခြင်း အစမ်းအနားတွင် အပျိုးသားဒီမိုကရေစီအခွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်၊

''**လွတ်တော်ဆိုတာက ကိုယ်စားလှယ်ယာစပ်ဦးမျင်း ကိုယ်အမှုက် အသုံးမျှ ဖိုပေးကုက်ပါတူး၊ ရာထူးနေရာရဖို့ စုတုံးလေ့ကားထစ်လည်း မဟုတ်ပါဘူး၊ သဘောထားမတူညီတဲ့ ပုဂ္ဂိုလ်များအကြားတာ နပန်းလုံးဖို့ကြိုးဝိုင်းလည်း မဟုတ်ပါဘူး**။ ဝိုင်းဝန်းပြီး နိုင်ငံနဲ့ ပြည်သူ့အကျိုးထမ်းဆောင်ရမယ့် နေရာဖြစ်ပါတယ်''ဟု ၎င်းကပြောသည်။

ထို့ပြင် လွတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုကိုယ်စားပြုသည့်အတွက် **ပြည်သူ့ဖျက်နှာကို သာ ကြည့်ရမည်ဖြစ်ပြီး ဗိမိအစုအဖွဲ့.မျက်နှာကိုပင် အဓိကထားကြည့်ရမည်မဟုတ်ကြောင်း**ယခုလွတ်တော်တွင် ကိုယ်စားလှယ်အများစုမှာ သားသမီးများဖြစ်သောကြောင့် ၄ိုမိုသင်ယူကြိုးစားနိုင်သည့် အနေအထားတွင်ရှိကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

''ကိုယ်စားလှယ်ဆိုတာ ပြည်သူ့ကို ကိုယ်စားပြုပြီးဘက်နေတာပါ။ ကိုယ်ကိုယ် ကိုယ် ကိုယ်စားပြုပြီးဘက်နေတာမဟုတ်ပါဘူး။ ဒါကို ကိုယ်စားလှယ်များအားလုံး ခွဲစွဲမြဲမြဲ နှလုံးသွင်းထားဖို့လိုပါတယ်၊ ပြည်သူ့ဘက်ရဲ့ ကိုယ်စားလှယ်ဆိုတာက ပြည်သူ့မှက်နှာကိုကြည့်ရမှာပါ၊ ကိုယ့်အမှုအခွဲ.မှက်နှာကိုတောင် အဓိကထားကြည့်ရမှာမဟုတ်ပါဘူး။ **အရင်လွှတ်တော်က ချမှတ်သွားတဲ့ကောင်းတဲ့ အစဉ်အလာဖြစ်တဲ့ ပါတီခွဲ ပုဂ္ဂိုလ်ခွဲဝိုက်ကနေခွဲတွေ၊ ကိုးကွယ်တဲ့ဘာသာအယုတ်၊ လူမျိုးခွဲတွေမရှိဘဲနဲ့ နိုင်ငံအတွက် ပြည်သူ့အတွက်ထမ်းဆောင်ပါ့မယ်ဆိုတာကို ဆက်လက်ထိန်းသိမ်းသွားရမယ်**၊ ပြည်သူတွေကိုလေးစားတယ်ဆိုရင် လွတ်တော်ကိုယ်စားလှယ်တစ်ဦးယောက်ရဲ့ တာဝန်ဟာဘယ်လောက်ဧလေးနက်လဲဆိုတာကို နားလည်ကြဖို့ဖြစ်ပါတယ်''ဟု ယင်းကပြောသည်၊

အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးပင်မြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဂင်းကိုဂ်ဂန်းကို့ လည်းတက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ကြသည်။

မြတ်သူအောင်

ဝါသည်အောင်ဆန်းပြဇာတ်တွင် ကောက်ခံရရှိသည့် အလှူငွေများကို သာဓုခေါ်ပညာရှင်များက ယခုလအတွင်း မီးဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းမည်

ဝါသည် တောင်ဆန်း ပြဇာတ် လာရောက်ကြည့်ရှုကြသည့် ပရိသတ်များထံမှကောက်ခံရရှိသည့် အလှူငွေများကို သာဓုခေါ်ပညာရှင်များက ယခုလအတွင်း **ပုလောမြို့ရှိ မီးဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း** ၁၅-၂-၂၀၁၆ ရက်က သိရသည်၊

ဇာတ်မင်းသား၊ ဗိုလ်ချစ်စိုးဝင့်သည် ဝါသည် ဒေါ်အောင်ဆန်းပြဇာတ်ကို ယခုလ ၁၂ ရက် နှင့် ၁၃ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသား ဇာတ်ရုံတွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရကာ ပရိသတ်အားဖေးမှုများစွာ ရရှိခဲ့သည့် ပြဇာတ်ဖော်ဖြေမှုဟုမှတ်ယူဖြစ်ခဲ့ကြောင်း သိရသည်၊

''ပြဇာတ်တင်ဆက်မှု နှစ်ကော်လုံးမှာ **အလှူငွေ ကျပ် ၃၄ သိန်းရရှိခဲ့တယ်**၊ ဒါက ဒီပြဇာတ်လက်မှတ်ရောင်းချငွေတွေနဲ့ မဆိုင်ပါဘူး၊ ပရိသတ်တွေ မီးဘေးသင့်ပြည်သူအတွက် **သီးသန့်လှူဒါန်းထားတဲ့ အလှူငွေပဲဖြစ်ပါတယ်**၊ **အလှူငွေ ကျပ် ၃၄ သိန်းကို ဒီလ ၁၉ ရက်မှသာဓုခေါ်ပညာရှင် ဦးဈေးသာနဲ့ ဦးမိုးခင်တို့က ပုလောမီးဘေးဆေးတွေက် ကိုယ်တိုင်သွားရောက်လှူဒါန်းမှာဖြစ်ပါတယ်**''ဟု မြန်မာနိုင်ငံသာဓုခေါ်ပညာရှင်များအဖွဲ့အစည်းအရှေ့ပြန်ကြားရေးမှူး ပတ္တမြားကေနိုင်က ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ ကျောက်ကြာကျေးရွာတွင် ယခုလ ၁၃ ရက် နံနက်ပိုင်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၃၀၀ ခန့်၊ အိမ်ထောင်စု ၄၀၀ ကျော်မီးခတ်ခံခဲ့ကြောင်း သိရသည်။

မာန်လေး

မြန်မာနိုင်ငံတွင် အိမ်ခြံမြေရင်းနှီးမြှုပ်နှံရန် ကောင်းမွန်ကြောင်း အပြည်ပြည်ဆိုင်ရာ အိမ်ခြံမြေကွန်ရက်တစ်ခုက ထုတ်ပြန်

မြန်မာနိုင်ငံတွင် အိမ်ခြံမြေကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် ကောင်းမွန်ကြောင်း အပြည်ပြည်ဆိုင်ရာကွန်ရက် ကာဒုဖြစ်သည့် Lamudiက ဖေဖော်ဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်လိုက်သည်၊

ၔင်း၏ ၂၀၁၆ ခုနှစ်အတွင်း **အာရှဒေသနိုင်ငံများအနက် မြန်မာနိုင်ငံနှင့်အတူ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နာမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ ပါဝင်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်**။ **အာရှဒေသတွင်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ယောင်ကောင်း၊ စင်ကာပူနှင့် တရုတ်နိုင်ငံများကညာ ပဏာမဦးစားပေး နိုင်ငံများဖြစ်သော်လည်း** တရုတ်နိုင်ငံ၏ စီးပွားရေးနေးကွေးမှုမှာ အိမ်ခြံမြေဈေးကွက်အပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံသူများ အခနေဖြင့် အခြားနိုင်ငံများကို ဦးတည်လာကြခြင်းဖြစ်ကြောင်း သိရသည်၊ ''မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ ဝိုးပွားရေးကဏ္ဍချိတ်ဆက်လိုက်တာနဲ့ တစ်ပြိုင်နက် နိုင်ငံတွင်းက အိမ်ခြံမြေဈေးနှုန်းတွေဟာ မြင့်တက်လာခဲ့ပါတယ်။ ဇန်နဝါရီလမှာ ထုတ်ပြန်ခဲ့တဲ့ **ကွန်ဒိုမီနီယံဥပဒေကြောင့်** နိုင်ငံခြားသားတွေအနေနဲ့ အဆင့်မြင့် အိမ်ရာတွေက အဆန်းပေါ်ကို ဝိုင်းမိုင်းမှုင့် ရရှိလာခြင်းကလည်း ဈေးကွက်ပေါ်လိုအားအပေါ် အနည်းငယ်မျှ သက်ရောက်မှုရှိစေမှာဖြစ်ပါတယ်။ ဒုတိုးအပြင် ချေးကောက်ပွဲရလဒ်ကြောင့်အနိုင်ရရှိခဲ့တဲ့ ပါတီအနေနဲ့ ပြန်ဟူးအိမ်ခြံမြေကဏ္ဍ ဘိုးဘက်ပြောင်းလဲလာဖို့အတွက် ပေါင်းနှင့်နိုင်ပမာလို့ ယုံကြည်တာကြောင့် နိုင်ငံတကာကရင်းနှီးမြှုပ်နှံဖို့ ဝိုစိတ်ဝင်စားလာကြတာပါ''ဟု Lamudi မှတာဝန်ရှိသူတစ်ဦးကပြောသည်။ **နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းထားမြန်ဆန်မှုနှင့် အာရှ၏ လက်ရှိဖြစ်တည်နေသည့် ဈေးကွက်အကျိုးအမြတ်များသည် ရင်းနှီးမြှုပ်နှံသူများ အား ဆွဲဆောင်မှု တစ်ရပ်ဖြစ်လာစေကြောင်း**။ Lamudi အနေဖြင့် လက်တင်အမေရိကနှင့်အာရှဒေသများ၌ အွန်လိုင်းအိမ်ခြံမြေဆားကွက်တိုးချဲ့နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄ သန်းကို ထပ်မံရင်းနှီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အိမ်ခြံမြေကွန်ရက် Lamudi သည် House.com.mm ၏ မိခင်ကုမ္ပဏီတစ်ခုလည်းဖြစ်သည်၊

နင်းနေဝ

အဝေးပြေးယာဉ်လိုင်းသစ် ၁၀ လိုင်း တိုးမြှင့်ပြေးဆွဲရန် ခွင့်ပြုမည်



အများပြည်သူ ခရီးသွားလာရေးအဆင်ပြေချောမွေ့ရေးနေ့ရည်ရွယ်၍ အဝေးပြေးယာဉ်လိုင်းသစ် ၁၀လိုင်းကိုယမန်ပြေးဆွဲခွင့် ခွင့်ပြုလိုက်ပြီးဖြစ်ကြောင်းမဂသ(အဝေးပြေး)မှ စုစမ်းသိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး **အောင်မင်္ဂလာအဝေးပြေးကားဂိတ်မှ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ သွားလာပြေးဆွဲနေသည့် အဝေးပြေးယာဉ်လိုင်းမပါခဲ့၊ ၃၀ဝလိုင်း၏ သည်တနက်ယာဉ်**တပ်မ၏ လိုင်းသစ် ၁၀လိုင်းအားပြေးဆွဲခွင့်ပြုခဲ့ကြောင်း ၁၃-၂-၂၀၁၆ ရက်က သိရသည်၊

''ယာဉ်လိုင်းကသစ်တွေ ပြေးဆွဲဖို့ လျှောက်ထားတာတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ပြေးဆွဲခွင့် မရဘူး။ ခွင့်ပြုချက်ရဖို့ကြာမယ်မဟုတ်ပေမယ့် ယာဉ်လိုင်းပိုင်ရှင် အနေနဲ့ရော ပြေးဆွဲမယ့် ယာဉ်တွေကပါ သတ်မှတ်သားကဲ့ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုရှိရမယ်။နောက်ပြီး ရန်ကုန်-တောင်ကြီး ပြေးမယ့်ဖို့ ယာဉ်လိုင်းအသစ် လျှောက်ကားလာဆိုရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်တောင်းရသလို ဂျပန်ပြည်နယ် အစိုးရရဲ့ခွင့်ပြုချက်ရမလည်း ဒီခရီးစဉ်အတွက်ပြေးဆွဲခွင့်ပြုပေးနိုင်တာပေ။အခုလိုလိုင်းသစ်၁၀လိုင်း တိုးချဲ့ပြေးဆွဲဖို့ တင်ပြပြီး ခွင့်ပြုထားပါတယ် ''ဟု မထသ (အဝေးပြေး)ဥက္ကဋ္ဌ ဦးညွန့်ဝေပြောကြားချက် အရသိသည်။ လိုင်းသစ် ပြေးဆွဲခွင့်ရှိခဲ့သည့် ယာဉ်လိုင်းများအနက် **ရန်ကုန်-ဖောင်ကျွန်းပြေးဆွဲမည့် စိန်စည်ဖြိုးယာဉ်လိုင်း**။ ရန်ကုန်-မန္တလေးပြေးဆွဲမည့် ရွှေမန်း ရတနာယာဉ်လိုင်းနှင့် ဂုန်းမြက်နိုင်ယာဉ်လိုင်းတို့ကလည်း ဖောင်း။ **ပဲခူးတိုင်းဒေသကြီးအရေပြေအနေဖြင့် ထန်းတပင်-ဒေါတဝင်ဂူ-ဖြူးပြေးဆွဲမည့် ဘိုအေစစ်ယာဉ်လိုင်းနှင့် ရေနီ-တောင်ဂူ-ပဲခူး-ရန်ကုန်ပြေးဆွဲမည့် ကရင်ဂိုက်ယာဉ်လိုင်းတို့က** လည်းဖောင်း။ **မန္တလေးတိုင်းဒေသကြီးအား အရေပြေကဏ္ဍအနေဖြင့် မန္တလေး-ရန်ကုန်-ဖော်လမ်ရိုင် ပြေးဆွဲမည့် မန်းဂုဏ II ယာဉ်လိုင်းနှင့် မန္တလေး-ရန်ကုန်ပြေးဆွဲမည့် ရွှေရည်ဖူးဖွင့် ယာဉ်လိုင်းတို့က** လည်းဖောင်း။ **ရှောဝတီတိုင်းဒေသကြီး အရေပြေအနေဖြင့် သာပေါင်း-ပုသိမ်-ရန်ကုန် ပြေးဆွဲမည့် Top Star ယာဉ်လိုင်းနှင့် ဟသ်တာ-ရန်ကုန် ပြေးဆွဲမည့် ပွင့် ၂ နှင့်ချယ်ရီ ယာဉ်လိုင်းတို့အပြင် ကရင်ပြည်နယ်အား အရေပြေ၍ မြဝတီ-ရန်ကုန်ပြေးဆွဲမည့် အောင်ကျော်ဇော်ယာဉ်လိုင်းနှင့် မကွေးတိုင်းအရေပြေအနေဖြင့် သရက်-ရန်ကုန်ပြေးဆွဲမည့် သရက်ယာဉ်လိုင်းတို့အား** အသီးသီး စစ်ဆေးသတ်မှတ်ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။

ဇနီယ် (သာဓု။ ဓာတ်ပုံ)

119, Y.W.C.A တိုက်ခေါင်းဆောင်လမ်း ဆရာအာသာ SUCCESS Language Academy
ဖြိုးလယ်ကျောင်း 202046, 256954, 392048
0973001453 01-503472
5(B-3), ဦးကွန်းလင်းခုခဲ့သမီး လုည်းတန်း
သူငယ်တန်းမြေ(၉)တန်းမြေ ကာလေးများအတွက်
Morning - 10 ~ 12 a.m.
Evening - 3 ~ 5 p.m.
Mon to Thurs (တနင်္လာ-သောကြာ)
ဇွန်ရာသီဘစ်ခင်ခင်စာ
Mar 14 စမည်
(၆+ဂ)နှင့် (၈+၉)တန်း ရေရှိထားသူများအတွက်
Letter Writing+ Essay 7:30-10:30 (Sat+Sun) 12 Mar
12 - 3:00 (Sat+Sun) 12 Mar
(၆+ဂ)တန်းမြေထားသူများအတွက် Grammar + Communication
7:30 - 9 (Mon~Thurs) 14 Mar
1 - 2:30 (Mon~Thurs) 14 Mar
အင်္ဂလိပ်စာ အထူးသင်တန်းများ
Basic English Speaking
Four Skills English (Basic)
Pre-Intermediate (4-Skill)
Intermediate (Academic)
Basic Grammar
Basic Writing
Intermediate Writing
Vocabulary
IELTS
- Basic English Speaking
- Four Skills English (Basic)
- Basic Grammar
- Pre-Intermediate (4-Skill)
- Intermediate (Academic)
- IELTS Four Skills
(၈+၉)တန်းမြေထားသူများအတွက် Letter Writing+ Essay
7:30-10:30 (Sat + Sun) 12 Mar
7:30-9:00 (Mon~Thurs) 14 Mar
(၆+ဂ)တန်းမြေထားသူများအတွက် Grammar + Communication
12 - 3:00 (Sat + Sun) 12 Mar

www.free4reader.com

ဦးကျော်သူက ပဲခူးတိုင်းဒေသကြီးတွင် ပရဟိတတက္ကသိုလ်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိ

နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူက **ပဲခူးတိုင်းဒေသကြီးတွင် ပရဟိတ တက္ကသိုလ် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိမကြာမီ** ၁၅-၂-၂၀၁၆ ရက်က သိရသည်။

ယင်းပရဟိတ တက္ကသိုလ်ဆောက်လုပ်မည့်နေရာမှာ ပဲခူးတိုင်းဒေသကြီး၊ **ပဲခူးမြို့နယ်ရှိ သာယာကုန်းကျေးရွာတွင်ရှိပြီး** အလှူရှင် ဒေါ်လှကြည်က နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းယူခြင်းဖြစ်ကြောင်း **မေဖေကမှာ ၁၃ ဒသမ ၉၉ ဧကအကျယ်အဝန်းရှိကြောင်း** သိရသည်။

ဆရာမဒေါ်သန်းမြင့်ဆောင်က ''အဲဒီနေရာမှာ ဦးကျော်သူက ပရဟိတ တက္ကသိုလ်ဆောက်လုပ်ချင်တယ်။ ဆရာမတို့အနေနဲ့ ခမြေအနေအထားကို သွားရောက်ကြည့်ရှုပြီးပြီ။ ပထမအဆင့်အနေနဲ့ မြေနေရာရှင်းတာတွေ၊ မြေညီတာတွေဆောင်ရွက်ရမယ်။ မှတ်ပယမဆောင့် အနေနဲ့ကတော့ သြဂဲနှစ်စိုက်ခင်းလုပ်ထားမှာ ဖြစ်တယ်။ အဓိက ကတော့ ဆဲဒီနေရာမှာ **ပရဟိတနဲ့သက်ဆိုင်ထဲ့ ပညာရေးသင်ကြားရာနေရာအဖြစ် အဆင့်ဆင့်ဆောင်ရွက်သွားမှာပါ။** ဒီလုပ်ငန်းက ချက်ချင်းကြီးအကောင်အထည်ဖြစ်လာမှာမဟုတ်တဲ့အတွက် တဖြည်းဖြည်းစုပေါင်းပြီး ဆောင်ရွက်သွားရမှာဖြစ်တယ်''ဟု ပြောကြားသည်။

ပရဟိတ တက္ကသိုလ်ကို နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူက ပြန်မာနိုင်ငံတွင် **လူငယ်များ ပရဟိတစိတ်ဓာတ်များဖြင့် တစ်ဦးနှင့် တစ်ဦးကူညီပေးတတ်လာစေရန်၊ အာဝရပ်တည်ချက်အဖြစ်** အသက်မွေးဝမ်းကျောင်းပြုနိုင်ဆော ကုန်းမာဖရေးနှင့်ညီညွတ်မှုမြှင့်မား သုံးနိုင်ရန်၊ စိုက်ခင်းများ စိုက်ပျိုးရာတွင် နည်းစနစ်ကျွမ်းကျင်စိုက်ပျိုးလာကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။

မာန်လေး

ဓာတ်ပုံ - နာရေးကူညီမှုအသင်း

(ရေမတ်ခ) ဓာတ်ဆုံလမ်းဆောက်ရေပစ်စည်း ခင်ပြမနရာအားဆွေးဝေစဉ်

ထပ်မံဆောက်လုပ်မည့် ခုံးကျော်တံတား နှစ်စင်းအတွက် ကျပ် ၃၂ ဒသမ ၂ ဘီလျံ သုံးစွဲရန် လွှတ်တော်သို့ တင်သွင်း

ယခင်ကြောကျပ်တည်းမှ ရေကူးကူးရန် **ရန်ကုန်တိုင်းဒေသကြီးတွင် ထပ်မံဆောက်လုပ်မည့် ခုံးကျော်တံတားနှစ်စင်းအတွက် ကျပ်ငွေ ၃၂ ဒသမ ၂ ဘီလျံ သုံးစွဲသွားမည်ဖြစ်ကြောင်း** ဒုတိယအကြိမ် ရန်ကုန်တိုင်းမဟာသင်္ကြီးယွယ်ပေါ် ပထမပုံမှန်အစည်းအဝေး(ဒုတိယ)နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာဝန်ကြီး ဒေါ်စန်းစန်းနွယ်က လွှတ်တော်တွင် တင်သွင်းခဲ့သည်။

၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားဘဏ္ဍာရေးပန်ကြီးမှ လွှတ်တော်သို့ တင်သွင်းရာတွင် ထပ်မံဆောက်လုပ်မည့် ခုံးကျော်တံတားနှစ်စင်းအတွက် အသုံးပြုမည့် ဒေါ်လာ၊ကျပ်ပါ ထည့်သွင်းတင်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခုံးကျော်တံတားများကို **ကမ္ဘာ့ဈေးကုန်ရောင်းလမ်းနှင့် ပါရမီလမ်းထောင့် တစ်စင်း၊ မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာပလမ်းဆုံတွင် တစ်စင်းဆောက်လုပ်မည်ဖြစ်ကြောင်း**၊ ပါရမီလမ်းထောင့်ကွင်း ကည်ဆောက်မည့် ခုံးကျော်တံတားမှာ ကျပ် ၁၅ ဒသမ ၇ ဘီလျံကုန်ကျမည်ဖြစ်ပြီး ပြောက်ဥက္ကလာပအဝိုင်းအနီး ဆောက်လုပ်မည့် ခုံးကျော်တံတားမှာ ၁၆ ဒသမ ၄၅ ဘီလျံ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယင်းလိုတားနစ်စင်းကိုးမှာ လာမည့် အစိုးရသက်လက်ထက်တွင် စတင်ဆောက်လုပ်မည်ဖြစ်သောကြောင့် ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ သဘ္ဘာဝေ ရသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြရမြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ ရသုံးမှန်းခြေငွေစာရင်းမှာ ၃၃၆ဒသမ၂၁၅ ဘီလျံဖြစ်ကာ သုံးစွဲမည့်ငွေနှင့် ရရှိသည့်ငွေနှုန်းထား တူညီနေကြောင်း။ ယခုတင်သွင်းသည့် ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် **ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း** လွှတ်တော်ဥက္ကဋ္ဌကပြောကြားခဲ့သည်။

လဝန်း

BRT ယာဉ်စီးနှင်းနိုင်မည့် လက်မှတ်ကို မှတ်တိုင်အနီးရှိ ဆိုင်များတွင်ပါ ရောင်းချသွားမည်

ဓာတ်ပုံ - မျိုးလေးစိုး

၇-၂-၂၀၁၆ ရက်တွင် စတင်ပြေးဆွဲသည့် **BRT** မြန်မြန်ယာဉ်စနစ်အတွက် စီးနင်းနိုင်မည့် **လက်မှတ် E-Ticket** ကို **မှတ်တိုင်အနီးရှိ ဆိုင်များတွင်ပါ ရောင်းချပေးသွားမည်ဖြစ်ကြောင်း** ရန်ကုန်သတင်းစာများအများနှင့် သက်ဆိုင်သော ကုမ္ပဏီလိုမိသာက်မှ တာဝန်ရှိသူ ဒေါက်တာမောင်အောင်က ၁၄-၂-၂၀၁၆ တွင် ပြောသည်။

လက်ရှိအချိန်တွင် ပြည်သူများအနေဖြင့် ယာဉ်စီးနင်းနိုင်မည့် **လက်မှတ်ဝယ်ယူရမှု ခက်ခဲခြင်းကြောင့် စီးနင်းမှုနည်းနေသေးကြောင်း** သိရသည်။

''ဆရာတို့ကတော့ စနစ်သစ်ကို နိုင်ငံတကာလို ဖြစ်ချင်တဲ့အတွက် လုပ်နေကာဖြစ်ပါတယ်။ အစတုန်းကတော့ ခက်ပါပါပဲ။ လက်မှတ်ဝယ်ရတာ ခက်တယ်လို့ပြောတဲ့အတွက် ဒီတစ်ပတ်ထဲမှာ ယာဉ်ပေါ်မှာရော၊ **မှတ်တိုင်တိုင်းမှာရော လက်မှတ်တွေ ရောင်းချပေးနေပါတယ်။ နောက်ပိုင်းဆိုရင် မှတ်တိုင်နားမှာရှိတဲ့ စျေးဆိုင်တွေကိုတောင် လက်မှတ်တွေ ဖြန့်ပေးသွားမယ်။ မှတ်တိုင်တွေ ဒေးတယ်ပိုင်းပည်းပြောတာတွေ ကြားနေရပ်တယ်။ အဲဒီလိုလုပ်တယ်ဆိုတာကတော့ တာဝင်ရည်ရွယ်ချက်နဲ့ လုပ်ထားတာဖြစ်ပါတယ်။** မူလမှတ်တိုင်နဲ့နီးစပ်ယ်ဆိုရင် ပထမရှိတဲ့ လူတွေနဲ့ အဆင်းပြေနိုင်ဘူးလေ။ ဒါက ပထမစလုပ်ဟာဆိုတော့ ယဉ်ကြီးခံပါဦးမို့ ပြောချင်တယ်''ဟု ယင်းကပြောကာကြောင်း၊

ယခုလအတွင်း ယာဉ်အစီးရေ ၂၇ စီးထပ်မံရောက်ရှိရန်ရှိပြီး လိုအပ်သည့်ပြင်ဆင်ချက်များပြီးပါက ယာဉ်လိုင်းအတွင်း ထည့်သွင်းပြေးဆွဲသွားမည်ဖြစ်ကာ ယာဉ်လမ်းကြောင်း အမတ် (၂) ကိုလည်း ဆက်လက်ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။ လက်ရှိဟာင် **နံနက် ၆ နာရီမှ စတင်ကာ ညီ ၉ နာရီခွဲအထိ ဆောက်ကြန့်-ရွှစ်မိုင် - မြေနီကုန်း - ဘုန်းကြီးလမ်း - ခံမြ - ခိုလ်ချမ်ဈေး - ဗောဓိပင်ကြီးလမ်း - ကမ္ဘာအေး - ရွှစ်မိုင် - ဗထောက်ကြန့်** သို့ ပြေးဆွဲလျက်ရှိပြီး ယာဉ်စီးခကို ဓဋ္ဌ ကျပ် ၃၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ပြည်ရည်ဇာ

ရဲအရာရှိသုံးဦးကို တုတ်နှင့် ဓားတို့ဖြင့် တိုက်ခိုက်ခဲ့သူများအနက် သုံးဦးဖမ်းမိ

နေပြည်တော်ကောင်စီနယ်မြေ ဗျဉ်းမနားမြို့နယ် KTV အစန်းတစ်ခုအတွင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁ နာရီအချိန်ကခြစ်ပွားခဲ့သော ရဲအရာရှိသုံးဦးကို တုတ်၊ ဓားများဖြင့် တိုက်ခိုက်ခဲ့သော လူတစ်ပြောက်တရားခံများအနက် သုံးဦးကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးတင်ဇင်းက ၁၅-၂-၂၀၁၆ ရက်တွင် ပြောသည်။

သာကေတမြို့နယ်နေသူ နှစ်ဦးဖြစ်သော ဇော်မင်းနိုင် (ဘွမ်း)နှင့် မြင့်ဇော်၊ ဇင်ဦးဂိုက်ကမ်း မြို့နယ်နေသူ သီးကကွန်ကို ဇော်မင်းနိုင်၏နေအိမ်တွင် နေပြည်တော် ရဲတပ်ဖွဲ့နှင့် ရန်ကုန်အရှေ့ပိုင်းရဲဂိုဏ်းရဲတပ်ဖွဲ့တို့က ဧပြီလ ၁၃ ရက်ညနေ ၄ နာရီက ပူးပေါင်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်၏ဖြစ်စဉ်မှာ နေပြည်တော်ရဲတပ်ဖွဲ့ရုံးမှ ရဲအုပ်တွန်းမင်းလတ်၊ ရဲအုပ်စီးဝိုး ဝင်း၊ ရဲအုပ်ဇော်သောင်းထိုက်တို့ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း (၂) ရပ်ကွက်ရှိ ချင်ဒီဂေ KTV တွင် ရောက်ရှိကဉ် ယခင်ကလိုက္ခမ်းဂူး သူ ရန်နောင်စိုး (၃၃ နှစ်) က လာရောက်စကားပြောရာမှခကားများ ရန်ဖြစ်ခဲ့ပြီး ခန်နောင်စိုးမှ ရဲအုပ်ဒေါ်သောင်းထိုက်အား ပုလင်းဖြင့်ခိုက်ပည်ပြုရာ အနားရှိ ရဲအုပ်တွန်းမင်းလတ်၊ ရဲအုပ်စီးဝိုးတို့ကပါ ဝင်ရောက်ပါကြပ် သက်တွန်းအောင်တို့က ဂျန်ဖြင်ပေးခဲ့ကြောင်း ရဲမှတ်တမ်းများကွင် ဖော်ပြထားသည်။

ထို့နောက် ရန်နောင်စိုးက စိန်ဓော်ကာ အပြင်ထွက်သွားခဲ့ပြီး မကြာမီ ရဲအုပ်ဇော်သောင်းထိုက်တို့ရှိရာ ကောတီဒီအစန်း အမှတ် ၂၁၄ သို့ **ရန်နောင်စိုးနှင့် အပည်မသိ လူနှစ်ဦးတို့ တုတ်များ၊ဓားများ** ဖြင့် ဝင်ရောက်တိုက်ခိုက်မှုပြုခဲ့ကြောင်း ဖြစ်ကြောင်း အဆိုပါ မှတ်တမ်းများတွင် ဆက်လက်ရေးသားထားသည်။

ယင်းသို့တိုက်ခိုက်မှုကြောင့် **ဓားရတ်ခံရသူ ရဲအုပ်သုံးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ရာ** နေပြည်တော် နေတင် ၁၀၀ ပေးရံတွင် ဆေးကုသမှုခံယူခဲ့ပြီး ရန်နောင်စိုးပါ ရှစ်ဦးကို ပျဉ်းမနားရဲမန်းက (မ) ၅၅၆ / ၂၀၁၄ ပုဒ်မ ၃၂၅ / ၃၂၆ နဲ့ အမှု ဖွင့်ထားခဲ့ခြင်းဖြစ်ရာ ကျန်ရှိသော တရားခံဟု ယူဆရသူများကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

မြတ်သူအောင်

ဓာတ်ပုံ - ရဲအုပ်ဖွဲ့

တောင်ကုတ်မြို့တွင် လက်ပြန်ကြိုးတုပ်၍ အသတ်ခံထားရသည့် အမျိုးသားအလောင်းတွေ့

ရခိုင်ပြည်နယ်၊ **တောင်ကုတ်မြို့နယ်၊ ကန်ပိုင်ရပ်ကွက် ကိုင်းရှည်တံတားအောက် ရောင်းစပ်တွင်** ဧပြေလ ၀၆ ရက် နံနက်ပိုင်းကမြေနှင့် လက်များကို ကြိုးဖြင့် တုပ်ခံထားရကာ သေဆုံးနေသော အသက် ၂၄ နှစ်ခန့်အရွယ် အမျိုးသားတစ်ဦး၏အလောင်းအား တွေ့ရှိခဲ့ကြောင်း တောင်ကုတ်မြို့နယ်ရဲစခန်းက အတည်ပြုပြောကြားသည်။

''မနက် အစေ၁ ၇ နာရီလောက်က လမ်းကွေ့လမ်းလာကွေ့က လူတယောနေတယ်ပြောလို့ အုပ်ချုပ်ရေးမှူးအဖွဲ့တွေ သွားကြည့်တော့ ကကယ်ပဲ လူသေဆုံးမှု ဖြင့်နေတယ်။ အခုအလောင်းကို ဆေးရုံကိုပို့ပြီးနောင်ခဲ့ ဝစ်ဆေးနေတယ်။ အဖြေမရသေးဘူး။ အဖြေရပြီးမှာကြောင့်သေတယ်ဆိုတာပြောလို့ရမယ်။ လောလော ဆယ်တော့ ဂူသတ်မှုပုဒ်မ ၃၁၂ နဲ့အမှု ဖွင့်ထားတယ်''ဟု အဆိုပါ ရဲစခန်းဒါရိုက်တာ ဝန်ကျေ ရဲအရာထမ်းကပြောသည်။

လက်တလော စစ်ဆေးချက်များအရ သေဆုံးသူမှာ တောင်ကုတ်မြို့ ဂုဟာရပ်ကွက်တွင်နေထိုင်သူ မောင်သာယွန်း (၂၄ နှစ်) ဖြစ်ပြီး ၎င်းသည် ဧပြေလ ၀၆ ရက်က **အသတ်ခံရခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း** ရဲတပ်ဖွဲ့ကဆိုးသပ်လာအသေးစိတ်ကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မြတ်သူအောင်**

www.free4reader.com

ပြည်မြန်မာ
၁၃ရက်စိုး
Supplement
A



www.free4reader.com

အယ်ဒီတာချုပ်
အိုးဂတာတင်တွန်းဦး
အုပ်ချုပ်မှုအယ်ဒီတာ
ဇေါ်ဂျာဝင်းမိုး
အကြီးပေးအယ်ဒီတာ
မြင့်သူရ
တာဝန်ခံအယ်ဒီတာ
ဇင်ဟိန်း
အပူဆောင်ဆယ်ဒီတာ
သန့်ဇော်လင်း
သတင်းအယ်ဒီတာ
ဝေယံ
စာပြင်အယ်ဒီတာ
ဦးဘင်လွင် သံဆိုး
အယ်ဒီတာအဖွဲ့
ပင်ဘိုက်ခွန်ဆုံ
သင်ကြည်ထွေးလွင်
လက်ထောက်အုပ်ချုပ်မှုအယ်ဒီတာ
ဇေယျာဝေါ
သတင်းထောက်ချုပ်
ကျော်မျိုးမင်း
၃တိယသတင်းထောက်ချုပ်
နန်းနေ ပြည့်ရည်ဝင်း
အကြီးတန်းသတင်းထောက်
မြတ်သူအောင် မိုးသင်းဆိုက်
သတင်းထောက်များ
မိုင်းစောလွင် ဟန်လေး
စန္ဒာဝင်း နေနွယ်အောင်
မျိုးကျော်မိုး၊ ထက်အောင်မြိုင်
ရုံးအဖွဲ့
ဗိုလ်လွင် မနန်းဆေး ဝေဟတိုင်
နန်ဦးသိုင် ဝမ်းသစ်
Senior Marketing Executive
သက်မာဦး ဥဿာလွင်
Marketing Executive (ကြော်ငြာ)
လမ်ဟယ်၊ အိအိဝယ်၊ နန်းနန်းဝေ
Marketing Assistant (ကြော်ငြာ)
သစ်ဆောင်
ထုတ်လုပ်ရေးတာဝန်ခံ
ဇောတ်မျိုးကျော်
Cover Designer
အောင်မျိုးကျော်
Layout Designer
အောင်သန်ဦး မြရွှေ၊ ထေယုဝင်း
ကျော်သီဟ၊ သုဘဝ၊ ထွေးရောင်ရောင်
ဖြန့်ချိရေးတာဝန်ခံ
ဦးသန်းတွန်း
ဖြန့်ချိရေးအဖွဲ့
မေမျိုးအေး သက်ဝိုင်းကျော်
ဖြန့်ရေးရေး
သုတစွယ်မဲ့ကုမ္ပဏီကိုယ်
၉ ရေကျော်လမ်းကြီး ရန်ကုန်မြို့ ရုံး၂ ၂၀၀၅
SWE SONE MEDIA GROUP
ယုပင်နေ့ရိုးစင်အုတ် (ဘုတ၂ ၂၀၀၅)
Central Tower ထပ်ခိုး
အနော်ရထာလမ်း (ဘုရားကောင်) ရန်ကုန်မြို့
ဖုန်း ၃၉၂၇၁ ၃၇၂၂၇ ၃၉၂၇၉ ၇၃၀ ၃၉၃၆
ဦးဟောင်လှ၊ ဘွဲ့နင်းပုံနှိပ်တိုက် (၁၀၂၉)
အုတ် (၉၀/ဇ) ကမ္ဘာ့ဆေးရုံးလမ်း ရန်ကုန်မဟာ
ဝိုက်ဝန်းမြို့ ဂုတ်ထူ ဘေါ်ကောက်ကွန်ရိုး
ပြည်မြန်မာသတင်းဂျာနယ် (၀၆၅၀)
၉ ရေကျော်လမ်း ဟွန်ထယ် ရန်ကုန်မြို့
ထုတ်ဝေသည်။

သတင်းဦးတာ - ပြည်မြန်မာ
သတင်းထူးတာ - ပြည်မြန်မာ
သတင်းခုံတာ - ပြည်မြန်မာ
မြန်မာပြည်အတွက် သတင်းပေါ်ပေါ
ပြည်မြန်မာ

နွမ်းပါးသော သက်ကြီးပင်စင်စားအချို့ ပင်စင်ကတ်ပေါင်နှံမှု များပြားလာ

ပင်စင်စားများအား ပြေကွက်ခုံးပေးသည်ကိုမျှော်မည့် သတင်းကြောင့် အစိုးရအတွက်သို့ ပေးကိုင်ကြပြီးမှတော်ဆင့် ရောက်ထားရန် နိုင်ငံပိုင်ပန်းမောင်းများ ပေးရောက်ကြသည်။

အရပ်သားအစိုးရတက်လာပြီး ပကြာမီမှာပင် ပင်စင်လစာခံစားခွင့်များ တိုးမြင့်ပေးခဲ့သော်လည်း စီးပွားရေးမပြေလည်၍ သက်ကြီးပင်စင်စားအချို့မှာ **ကျန်းမာရေးနှင့် အိမ်ဝှားရမ်းခကိစ္စများကဲ့သို့ အရေးပေါ်လိုအပ်သည့်အခြေအနေများတွင် ပင်စင်ကတ်ကိုပေါင်နှံ၍ ငြေရှင်းမှု တစ်ဝတစ်စများပြားလာကြောင်း** ၁၃-၂-၂၀၁၆ ရက်တွင် ဝုစမ်းသိရှိရသည်။

"နာဂစ်မတိုင်ခင်ကတည်းက ဒီအလုပ်ကိုလုပ်လာတာပါ။ ပင်စင်တွေကိုးပြီးနောက်ပိုင်းတော့ လာပေါင်တဲ့လူလည်း စိုးပွားရေးမပြေလည်၍ သက်ကြီးပင်စင်စားအချို့မှာ ကျန်းမာရေးနှင့် အိမ်ဝှားရမ်းခကိစ္စများ ကဲ့သို့ အရေးပေါ်လိုအပ်သည့်အခြေအနေများတွင် ပင်စင်ကတ်ကိုပေါင်နှံ၍ ငြေရှင်းမှု တစ်ဝတစ်စများပြားလာကြောင်း ၁၃-၂-၂၀၁၆ ရက်တွင် ဝုစမ်းသိရှိရသည်။

"နာဂစ်မတိုင်ခင်ကတည်းက ဒီအလုပ်ကိုလုပ်လာတာပါ။ ပင်စင်တွေကိုးပြီးနောက်ပိုင်းတော့ လာပေါင်တဲ့လူလည်း စိုးပွားရေးမပြေလည်ပါတယ်" ဟု သယမ်းကျန်းမြို့နယ်၊ ပဇိုးရိပ်ရပ်ကွက်အတွင်းနေကိုင်းသည် ပင်စင်အပေါင်ခံသူအသက် ၆၀ ကျော် အမျိုးသမီးတစ်ဦးကပြောသည်။

ပင်စင်ခံစားခွင့်ငွေပမာဏများ တိုးလာသည်နှင့်အမျှ ၎င်းဘက်မှလည်းပေါင်နှံငွေကို မူလကမေးသည်ထက် တိုးပေးနိုင်လာသည်။ အဟိုး ၀ေ ရေခိုင်နွန်းသာ ယူသည်ဖြစ်၍ လက်ရှိဘွင် ပျမ်းမျှအားဖြင့် ပင်စင်ကျပ်သစ်သောင်းရှသူ ဖြစ်ပါက ငွေကျပ်ဖာစ်သိန်းကို အများဆုံးထုတ်ချေးပေးပြီးရရှိသည့် ပင်စင်ခံစားခွင့်ပေါ်မူတည်လျက်ပေါင်နိုင်ကြောင်း အပေါင်ခံသူများက ဆိုသည်။

"ဥပမာဆိုကယ် လက်ရှိဘစ်လကျပ်ငါးသောင်းရရင် ကျပ်ငါးသိန်းလောက် အထိ ပေါင်လို့ရတယ်။ လက်လွတ်တောင်ပတ်ဟိုးနဲ့ ချေးကြေးသေးတာပဲ။ ဒါကျတော့ ကတ်ကာကိုယ့်စီမှာဆိုတော့ စိတ်ချရတယ်လေ" ဟု ၎င်းက ရှင်းပြသည်။

ပင်စင်ပေါင်နှံမှု၊ အပေါင်ခံမှုများနှင့် ပတ်သက်၍ ဥပဒေကြောင်းအရလည်း ရွယ်ထွေးမှုများကျိန်စေနာတွင် လက်ရှိတွင် ပင်စင်ပေါင်နှံခြင်း၊ အပေါင်ခံခြင်းများအတွက် သီးသန့်ထုတ်ထားသော ဥပဒေ၊ ကြေညာချက်မျိုးမရှိသော်လည်း ပြန်ဟု ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်ကာလများတွင်ရှိခဲ့ဖူးကြောင်း ဥပဒေပညာရှင်များက ဆိုသည်။

"မဆလခေတ်တုန်းကရှိခဲ့ဖူးတယ်။ နိုင်ငံ့ဝန်ထမ်းဘဏ်ဆိုတာကနေပေါ့။ ခုနောက်ပိုင်း အဲဒီဘဏ်ကိုဖျက်သိမ်းပြီး တော့ပရိတော့ဘူး။ လက်ရှိပင်စင်ဥပဒေ အရကာယကံရှင်ဝတ္တ ကိုယ်ဝန်ထုတ်ခေတာပဲ၊ ဟန်ဆောင်ပြီး ပင်စင်ထုတ်ယူရင်တော့ ပြစ်မှုမြောက်မှာပေါ့" ဟု အထက်တန်းရေနှေးနေဦးအောင်နိုင်စိုးက ပြောကြားသည်။

